www.dhammaransi.com

နမော တေ ဗုဒ္ဓဝီရဿ။

ဗောဓိမြိုင်စာစဉ်-၃

## မဟာဗောဓိမြိုင်ဆရာတော်

# ဝနဝါသီ ဥဒယျဝမ္မသာမိထေရ်

ရေးသားဟောကြားတော်မူသော

# အမေ့အတွက် မမေ့တရား



မောင်သွေးချွန်


ပြန်လည်စုစည်းပူဇော်သည်

www.dhammaransi.com

## မဟာဗောဓိမြိုင်ဆရာတော်
## ဝနဝါသီ ဥယျဓမ္မသာဘိထေရ်

သာစည် – ရွှေကျောင်းကုန်းတောင်၊ ဇင်းကျိုက် – ကျောက်ခမောက်တောင် – မင်းတစ်ရာ့တစ်ပါးတောင်၊ ဖူးကြီး – သံသုမာရတောင်၊ စစ်ကိုင်း– အရှေ့ပရက္ကမချောင်၊ ပင်းတလဲ–တောင်စင်တောင်၊ ပျဉ်းမနား – လက်လုပ်တောင်၊ မိုင်းပျဉ်း– သုဝဏ္ဏသျှမ်တောင်၊ ကန့်ဘလူ – နတ်တလူတောရ၊ ပြင်ဦးလွင်မြို့နယ် – ဒုဋ္ဌဝတီမြစ်ကမ်းပါး ဒိးဒုတ်ဂူအနီး – ဝေဒလ္လတောရ၊ စဉ့်ကိုင်မြို့နယ် – စွန်ရဲအင်းအနီး – ကျောက်ထီးတောရ စသော မြန်မာပြည်အရပ်ရပ်၌ အရညဝါသီ တောရပ်မှီလျက် နေလေ့ရှိခဲ့သော ဝနဝါသီအရှင်သူမြတ်ကြီးသည် ယခုအခါ ကန့်ဘလူမြို့နယ်၊ နတ်တလူတောရကို အခြေပြုစခန်းအဖြစ် ထား၍ မြန်မာပြည်အရပ်ရပ် တောတောင်များသို့ အခါအားလျော်စွာ လှည့်လည် သီတင်းသုံးလျက်ရှိပါသည်။

www.dhammaransi.com



www.dhammaransi.com

# မဟာဗောဓိမြိုင်ဆရာတော်ဝနဝါသီဦဃျဓမ္မသာမိထေရ်
# ၏
# ပုံနှိပ်ထုတ်ဝေပြီးကျမ်းစာများ

၁။ ဓမ္မာဝါဒ ကထာ (၂ ကြိမ်)
၂။ ကဝိဗန္ဓနကထာ (၂ ကြိမ်)
၃။ မင်္ဂလာဓာရဏာ ကထာ (၂ ကြိမ်)
၄။ အနုပုဗ္ဗိက ကထာ
၅။ နယ သင်္ခေပ ကထာ
၆။ ဗုဒ္ဓဘာသာဝင်တို့၏ တစ်နေ့တာ ပြုကျင့်ရပုံများ
(မဂ္ဂုဒ္ဒေသက ကထာနှင့် ဟတ္ထမုဋ္ဌိက ဗုဒ္ဓဘာသာကထာ)
၇။ ပဋိပက္ခ ဥဒ္ဒေသက ကထာနှင့် နှစ်စောင်တွဲ
(ဗလုဒ္ဓါရ ကထာ၊ ဓမ္မုဒ္ဓါရ ကထာ)
၈။ သာရဏီယ ကထာ
၉။ ပါရမီ ပရိစယ ကထာ
၁၀။ ဉာဏဒဿန ကထာ
၁၁။ မဂ္ဂင်္ဂ ပဗ္ဗေါဋ္ဌေသိ ကထာ
၁၂။ မဂ္ဂပဋိသံယုတ္တ ကထာ
၁၃။ ပဋိဘာန ဉာဏ ဒဿနကထာ
၁၄။ ဓာတုယာန ဝိပဿနာကထာ
၁၅။ သမ္ပဇညာကာရ ကထာ
၁၆။ ပမာဒါ ပမာဒ ဒွေဘာဂိယ ကထာ
၁၇။ မျက်နှာဖုံးများကို ခွာချခြင်း
၁၈။ ကိုယ်ချင်းစာ မေတ္တာထား

www.dhammaransi.com


ကြိုတင်ပုံနှိပ်ခွင့်ပြုအမှတ်များ

စာမူ-၂၇၁/၉၉(၅)

မျက်နှာဖုံး-၂၄၄/၉၉(၅)

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

**ထုတ်ဝေကာလ**

ဇွန်၊ ၁၉၉၉

**အုပ်ရေ** - ၅၀၀

**မျက်နှာဖုံး**

ဝင်းမြင့်ဦး

**စာအုပ်ချုပ်** - ကိုမြင့်

**စာစီ** - ခွန်မျိုး

**ပုံနှိပ်သူ**

**မျက်နှာဖုံး+အတွင်း**

ဦးကျော်ဌေးမင်း(၀၅၉၉၂) ဗွီအိုင်အေပုံနှိပ်တိုက်

အမှတ် ၂၅၆၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးမြသန်း(၀၁၅၁)၊ အသိုင်းအဝိုင်းစာပေ

အမှတ် ၃၅၊ ဖွဲ့စုံရပ်ကွက်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။

**အဖုံးကာလာခွဲ** - EAGLE

**အတွင်းဖလင်** - AZ

**တန်ဖိုး-၁၅၀ ကျပ်**

**ဖန်တီးမှုနှင့်အထွေထွေ - ခင်ဇော်**

www.dhammaransi.com

နမော တေ ဗုဒ္ဓ ဝီရတ္ထု

ဗောဓိမြိုင်စာစဉ် – ၃

## မဟာဗောဓိမြိုင်ဆရာတော်
## ဝနဝါသီ ဦးဃျဓမ္မသာမိထေရ်

ရေးသားဟောကြားတော်မူသော

# အမေ့အတွက် မမေ့တရား

**မောင်သွေးချွန်**
ပြန်လည်စုစည်းပူဇော်သည်

www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

–ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

–နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

–နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

–ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
နိုင်ငံသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်

www.dhammaransi.com

# အမေ့အတွက် မမေ့တရား

အမှာစကား

* အမေဘဝက စခဲ့ရတဲ့ ကုသိုလ်
* အမေနှင့် အရှုံးအမြတ်
* အမေ ခေါ်စရာမရှိခဲ့ပါ
* အမေ့ရဲ့ သစ်ပင်
* အမေနှင့် သေဖော် ရှင်ဖက်
* အမေနှင့် ဘဝနေနည်း
* အမေနှင့် လူသိ လူသက်
* အမေ့အတွက် မမေ့တရား
* အမေနှင့် ကုဋေတစ်သိန်းအား
* အမေနှင့် လွတ်မြောက်ခြင်း

www.dhammaransi.com

# ဦးခင်မောင်ထွေး အထိမ်းအမှတ်

ဤစာအုပ်သည် ၂၀-၃-၉၉ နေ့တွင် ကွယ်လွန်သွားသော ဖခင် ဦးခင်မောင်ထွေး(အသက် ၇၄ နှစ်၊ ရွှေလသာ ဘုရားဒကာ၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့်၊ ရွှေကြက်ယက်ရွာ၊ အမရပူရမြို့နယ်) အတွက် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူ ဝမ်းနည်းစွာ ဝိုင်းဝန်းကူညီကြသော မိတ်ဆွေများ၏ စေတနာဒါနများကို အမှတ်တရ စုစည်းမ,တည်ကာ ကျွန်တော်၏ ဖခင်အား ရည်စူး၍ ဓမ္မစာစဉ်ဖြင့် ကျေးဇူးဆပ်ခြင်း ဖြစ်ပါသည်။

ဝင်းမင်းထွေး
ဇော်မိုးမြင့်စာစဉ်

www.dhammaransi.com

နမော တဿ ဗုဒ္ဓ ဝိရတ္ထု၊

# အမှာစကား

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးရဲ့ တရားတော်များ၊ ကျမ်းစာအုပ်များကို အမြဲအလေးထား နှလုံးသွင်း ဆင်ခြင်နေသူ တပည့်တစ်ဦးအနေနှင့် ထူးထူးခြားခြား ပူဇော်ချင်တဲ့ အစီအစဉ်တစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ 'အမေနှင့်အမေများ' ကို ဆရာတော်ဘုရားကြီးရဲ့တရားတော်တွေ ပြန်ပြောပြလိုခြင်းပဲ ဖြစ်ပါတယ်။ ဒီစာတန်းမှာ ရည်ညွှန်းခေါ်ဆိုထားတဲ့ 'အမေ' ဆိုတာ အမေအားလုံးကို ရည်ညွှန်းပါတယ်။ တကယ်တော့ အမေနဲ့ မကင်းနိုင်သူ အားလုံးအတွက် ဖြစ်ပါတယ်။

အကြောင်းအရာ တူရာ တူရာတွေကို ရွေးထုတ်ပြီး စီကာစဉ်ကာ ပြန်ရေးခဲ့ပါတယ်။ ခေါင်းစဉ်တစ်ခုနဲ့တစ်ခု ချိတ်ဆက်မိအောင်လည်း အားထုတ်ထားပါတယ်။ ဒါကြောင့် ရေးသားဖော်ပြပြီး အကြောင်းအရာ တချို့ကို ပြန်ကြော့ရေးလိုက်ရပါတယ်။ အမေ ခေါ်ခွင့် ရနေတဲ့ ဘဝတွေကို လေးနက်စေချင်လို့ အမေ ခေါ်စရာမရှိခဲ့တဲ့ သတ္တဝါတို့ရဲ့ မူလအစကို ပြန်ရေးလိုက်တာမျိုး ဖြစ်ပါတယ်။ ကျန်တဲ့ အကြောင်းအရာများမှာ အသစ်တွေချည်းသာ၊ ကျွန်တော်ကိုယ်တိုင် နှစ်ကြိမ် သုံးကြိမ် ပြန်ရေး အားထုတ်ခဲ့ရတဲ့အထိ လေးနက်ဆန်းသစ်တဲ့ အတွေးအမြင်တွေ ပါဝင်လာတာ တွေ့ပါလိမ့်မယ်။


ကျွန်တော်ကိုယ်တိုင် ရေးက မနာဖူး၊ မကြားဖူး၊ မတွေ့ဖူး၊ မတွေးဖူး၊ မဖတ်ဖူးတဲ့ တရားထူးများကို အမေများသို့ ပူဇော်ပေးဝေလိုက်ပါတယ်။ လေးနက်ဆန်းသစ်သလောက် နှလုံးသွင်း နာယူဖို့ လွယ်ကူ

www.dhammaransi.com



မယ်လို့ မျှော်လင့်ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ အာဘော်တရားတော်များမှ ချွတ်ချော်တိမ်းလွဲခဲ့ပါသော် ကျွန်တော့်ရဲ့တာဝန်သာပါပဲ

လေးစားစွာဖြင့်



မောင်သွေးချွန်

၁၃၆၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်

၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်။

၇၄၊ သာယာအေးလမ်း

၃–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

www.dhammaransi.com

# အမေဘာဝက စခဲ့ရခဲ့တဲ့ ကုသိုလ်

အမေ...

အမေလို့ ဆိုလိုက်တာနဲ့ ဒါဟာ 'မေတ္တာတရား'ပဲလို့ လူတိုင်း ခံစားနားလည်နိုင်ကြပါတယ်။ အရုဏ်ဦး ရောင်နီတွေ မြင်လိုက်ရပြီ ဆိုရင် သူ့နောက်မှာ နေမင်းကြီး လိုက်ပါလာပြီး ကမ္ဘာလောကကို အလင်းရောင် ပေးတော့မယ်ဆိုတာ သိနားလည်နေသလိုပါပဲ။ အမေ ဆိုတာရဲ့နောက်မှာ မေတ္တာတရား ပါလာခဲ့တယ်လေ၊ အမေဟာ ကမ္ဘာ လောကဆီ မေတ္တာတရား ဆောင်ကြဉ်းခဲ့တယ်။

လူသား မိခင်ဘဝ မရမီ၊ မတိုင်မီ ဟိုး သံသရာဘဝ ဘဝတွေဆီ က...၊ အဲဒီကတည်းကပါ။ အိပ်၊ စား၊ ကာမ လောက်ကိုသာ နားလည် ပြုကျင့်တတ်တဲ့ တိရစ္ဆာန်ဘဝတွေမှာသော်မှ အမေရယ်လို့ ဖြစ်လာပြီ ဆိုရင် မေတ္တာစိမ့်စမ်း တသွင်သွင် စတင်စီးဆင်းတော့တာပါပဲ။

ကန်တော့ အမေရယ်...

ခွေးအိုမကြီးသော်မှ သူ့ခွေးသားအုပ်ကို သူ့နို့ပျဉ်းတွဲလောင်းကြီး လှုပ်ယမ်းလို့၊ သူ့မွေးကလေးတွေ ကျန်းမာရှင်သန်အောင် ကျွေးမွေး

www.dhammaransi.com



စောင့်ရှောက်လို့၊ အမှိုက်ပုံတကာ နှုတ်သီးထိုးပြီး စားစရာ ရှာကျွေးလို့၊ သူ့ကိုယ်ပေါ်မှာတော့ ရေနွေးပူလောင်ရာကြီးနဲ့ပေါ့။ သူ့ကိုယ်တွင်းမှာတော့ မေတ္တာဟာ အေးမြလို့ပေါ့။

မေတ္တာဗီဇနဲ့အတူ ယူဆောင်လာတာက 'ဒါန' ဆိုတဲ့ ပေးခြင်း၊ ကျွေးခြင်း...၊ ခွေးအိုမကြီးရဲ့ နို့ပျဉ်းတွဲလောင်းက အမေတို့ရဲ့ ဒါနခန်းကို ဖွင့်ဆိုနေပါတယ်။

မွေးခဲ့ ကျွေးခဲ့တဲ့ ခွေးကလေးတွေ ကြီးပြင်းလာတော့ အမေဆိုတာ မသိရှာ၊ မသိတာ မောဟ၊ တိရစ္ဆာန်တို့ရဲ့ တစ်ဘဝလုံး အဲဒီမောဟသာ ဖုံးလွှမ်းလို့ပေါ့။ မောဟတွေ မှောင်ဝေနေလိုက်တာ အမေဆိုတာတောင် မသိရှာကြတော့ဘူး။ အရွယ်ကြီးထွား ရာဂအား ပြင်းထန်လာချိန်မှာ အမေဆိုတာ မသိတော့ဘူး။ လွန်ကျူးစော်ကား ပြစ်မှားဖို့ ကြိုးစားလေတိုင်း အမေက ခွေးမကြီးပေမယ့်လို့ သိတယ်။ သူမွေးထားမှန်း သိလို့ ရှောင်ရမှန်းလည်း သိတယ်။

သာဓုပါ အမေရယ်...သာဓု...သာဓု...။
ယုတ်ညံ့တဲ့ တိရစ္ဆာန်ဘဝက
မေတ္တာ၊ ဒါနနဲ့ စောင့်ထိန်းမှု (သီလ)
မြင့်မြတ်တဲ့ အရာသုံးခုကို ပြခဲ့တယ်။

အဲဒါဟာ အမေဘဝက စခဲ့၊ ရခဲ့တယ်လို့
ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့ပါတယ်။

[အညွှန်း။ ။ ပမာဒါပမာဒ ဒွေဘာဂိယ ကထာ (လက်နှိပ်စက်မူ)]

www.dhammaransi.com

# အမေနှင့် အရှုံးအမြတ်

ဒါပေမဲ့ အမေ...

တိရစ္ဆာန်ဘဝမှာ ကောင်းမှုပြုနိုင် ပြုနိုင်တယ်ဆိုတာ သားမွေးသားပေါက်စဉ်ခဏ တစ်ဒင်္ဂကလေးမျှသာ၊ အမေဘဝရဲ့ ကုသိုလ်မျိုးစေ့ကလေး ချတယ်ဆိုနိုင်ရုံလောက်သာ၊ တကယ့်အနှစ်သာရကတော့ တိရစ္ဆာန်ဆိုတာ အိပ်၊ စား၊ ကာမ ဤသုံးဝအတွက် သူ့တစ်ကိုယ်ကောင်းကို ဖျက်ဆီးပစ်လေ့ရှိတဲ့ ကြီးနိုင်ငယ်ညှဉ်းပြုကျင့်ခြင်းသာ။

မြွေတစ်ကောင်ကိုပဲ ကြည့်လိုက်ပါ အမေ...

မြွေဟာ သူ့ဝမ်းပူဆာ မနေသာလို့ ဆိုပြီး ဖားတစ်ကောင်ရဲ့ အသက်ကို ဖျက်ဆီးဝါးမျိုစားသောက်ပစ်လိုက်တယ်။ ဖားတစ်ကောင်ရဲ့ ဘဝတစ်ခုလုံးဟာ မြွေတစ်ကောင်အတွက်တော့ ထမင်းတစ်နပ်စာလောက်ပဲ ရှိပါလိမ့်မယ်။ မြွေတစ်ကောင် အသက်ရှင်ဖို့ ဖားအကောင်ပေါင်း ဘယ်လောက် သေပေးရမလဲ။

www.dhammaransi.com



အဲဒါဟာ မိမိတစ်ကိုယ်ကောင်း တည်ဆောက်ဖို့ သူတစ်ပါးရဲ့ တစ်ကိုယ်ကောင်းကို ဖျက်ဆီးပစ်ပုံပါပဲ။

ဒါပေမဲ့ အမေ...

ဖားကလေးတွေခမျာ ကျေကျေနပ်နပ် သေပေးရတာ မဟုတ်ဘူး။ အသက်ထွက်ခါနီးအချိန်ထိ မြွေအပေါ်မှာ ဒေါသရန်လိုစိတ်၊ မကျေနပ်စိတ်တွေ ဖြစ်ပေါ်ခဲ့မှာ သေချာတယ်။ မြွေအပေါ်မှာ နိုင်ရာဘဝက စောင့်ပြီး ကလဲ့စားချေလိုစိတ်နဲ့ သေသွားရတာဖြစ်တယ်။ ဒါကြောင့် မြွေရဲ့ဝမ်းစာမှာ 'မုန်းကြွေး'၊ 'ရန်ကြွေး'တွေ ရောပါသွားပြီ။ သူ့ရဲ့ရှင်သန်မှုဆိုတာ အပြစ်လည်း မကင်း၊ အကြွေးလည်း မကင်းတော့ဘူး။

သူ့ကြွေးရှိရင် ဆပ်ရလိမ့်မယ်။

အကြွေးတို့ ထုံးစံအတိုင်း အတိုးနဲ့ အညွန့်နဲ့ တိုးရင်းပေါင်း ဆပ်ရလိမ့်မယ်။ မြွေဟာ သူစားခဲ့တဲ့ ဖားကောင်ရေအတိုင်း ဘဝပေါင်းများစွာ အသေဆိုးနဲ့ အသတ်ခံရပြီးမှ ကြွေးကြေတော့မယ်။ ဖားတစ်ကောင် တစ်ဘဝကျ သေပေးရတော့မယ်။ ကြွက်ကလေးတွေကို သတ်စားမိရင်လည်း အဲဒီလိုပဲ၊ အလှည့်မှာ မနွဲ့စတမ်း ပြန်ခံရပါလိမ့်မယ်။

ဒါဟာ သံသရာရဲ့ ဥပဒေသ၊ သဘာဝတရားကြီးရဲ့ နိယာမပါပဲ။

အပြစ်ရှိသူရဲ့ ကိုယ်စား ဘယ်သူမှ ဝင်ခံပေးလို့ မရဘူး။ ဘယ်သူမှလည်း ဝင်ပြီး ကယ်တင်လို့ မဖြစ်နိုင်ဘူး။

သံသရာကြွေးများ ဆပ်ရပြီဆိုရင် မကြေမချင်း မကျေမချမ်းနဲ့ ကြောက်ခမန်းလိလိပါပဲ အမေရယ်...။

ဆရာတော်ကြီး ပြောပြခဲ့တဲ့ ပုံပြင်တစ်ပုဒ်ကို ပြန်ပြောရဦးမယ်။

www.dhammaransi.com



ဟိုး ရှေးသရောအခါက ...

ဗာရာဏသီပြည်က အိမ်ရှင်မတစ်ယောက်ဟာ ဒေ့သည်ကို ဒေ့ဝတ်အပြုကောင်းလို့ ဘဝပေါင်းများစွာ စတေးပေးဆပ် ကြွေးဆပ်လိုက်ရပုံလေ။

ဒီလို အမေရဲ့ ...

'သား မသတ်ရတဲ့နေ့'မှာ ရောက်လာတဲ့ ဧည့်သည်ကို ချက်ပြုတ်ကျွေးမွေးစရာ ဘာမှမရှိတော့တဲ့အဆုံး အိမ်မှာ လက်သပ်မွေးထားတဲ့ သိုးတစ်ကောင်ကို သတ်ပြီး ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေးမိတဲ့ အိမ်ရှင်မဟာ သိုးသတ်စဉ်က အားထုတ်ခဲ့တဲ့ ဒေါသ စေတနာကံအလျောက် ငရဲရောက်သွားတယ်။ ငရဲရောက်တာမှ တစ်ကြိမ်မဟုတ်၊ အကြိမ်ကြိမ်။

ငရဲက လွတ်လာပြန်တော့လည်း သိုးသတ်တဲ့ ကံသတ္တိကလေးက ကျန်နေသေးတော့ ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ အသတ်ခံရပြီးတော့ချည်း သေရသတဲ့။ အသတ်ခံရတဲ့ ဘဝတွေ ဘယ်လောက်များသလဲ ဆိုတော့ သူသတ်ခဲ့တဲ့ သိုးကောင်ရှိ သိုးမွေးတွေရဲ့ အရေအတွက်နဲ့ အမျှပဲတဲ့။ နေတော့လည်း သက်တမ်းစေ့ နေရပုံမျိုး မဟုတ်ဘဲ အသေဆိုးနဲ့ချည်း သေပွဲဝင်ခဲ့ရတာတဲ့။

ဧည့်ဝတ်ပြုလိုက်ရတာက ခဏရယ်နော်၊ သိုးတစ်ကောင်ကို သတ်ရတာလည်း ဘာမှ မကြာပါဘူး။ သိုးသားစားသူမှာလည်း တစ်နပ်တည်းရယ်၊ ခံလိုက်ရပုံကဖြင့် ကြောက်ခမန်းလိလိပါပဲ အမေရယ်။

အသိဉာဏ်ရှိတဲ့ လူတစ်ယောက်တောင်မှ အဲဒီလောက် ခံရပြီဆို

www.dhammaransi.com



ရင် အသိဉာဏ်မရှိ မောဟအတိပြီးတဲ့ တိရစ္ဆာန်တစ်ကောင်ရဲ့ ဝဋ်ကြွေး၊ သံသရာဘေးဟာ ဘယ်လောက်များ ကြီးလိုက်လေမလဲ။

ဘေးကို ဘေးမှန်း မသိ၊ အပြစ်ကို အပြစ်မှန်းမသိလို့ တိရစ္ဆာန်တွေ နိုင်ရာစား လုပ်နေကြတယ်။ ကြီးနိုင်ငယ်ညှဉ်း ပြုနေကြတယ်။ မိမိတစ်ဘဝ ကောင်းစားရေးအတွက် သူတစ်ပါးဘဝတွေကို ဖျက်ဆီးပစ်နေကြတယ်။

အဲဒီလို ဘတစ်ပြန် ကျားတစ်ပြန် သံသရာလည်နေလိုက်တာ တိရစ္ဆာန်ဘဝပေါင်း တစ်ရာလောက် ကျင်လည်ပေးဆပ်ပြီးမှ 'လူ့ဘဝ' သို့ တက်လှမ်းနိုင်ခဲ့ပါသတဲ့ အမေ...။ ဒါတောင် လူပီပီသသ အဆင့်မြင့် လူသားဘဝကို မရနိုင်သေး။ ငေးငေးငိုင်ငိုင်၊ မှုန်မှုန်တေတေ၊ တွေတွေဝေဝေကြီးနဲ့ တိရစ္ဆာန်အမူအရာတွေ မပျောက်တတ်သေးတဲ့ လူမည်ကာမတ္တ အဆင့်ကို ပထမဆုံး တက်လှမ်းလာတာပါ။ လူ့ဘဝကို အကြိမ်ကြိမ် အဖန်ဖန် သွားချည်ပြန်ချည် ကျင်လည်ဝင်စားနေတဲ့ အဆင့်မြင့်လူသား ဆိုသူတွေတောင်မှ တိရစ္ဆာန်ဘဝပေါင်းများစွာက ကပ်ငြိလိုက်ပါ အစွဲနာလာခဲ့တဲ့ မောဟဆိုတဲ့ တွေဝေမေ့လျော့ခြင်း မကင်းတတ်သေး၊ လောဘနဲ့ ဒေါသ မာန်မာနတွေ ဆိုတာကတော့ ပြောမနေပါနဲ့တော့၊ မန်းလေပြလေ ဆိုတာလိုပါပဲ။

အဲဒီတော့အမေ...

ခုမှ လူဖြစ်စ လူမည်ကာမတ္တတွေကို မဆိုထားနဲ့၊ အဆင့်မြင့် လူသားတွေတောင်မှ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ ဖိစီးနေတာမို့...

www.dhammaransi.com



မေ့လျော့တွေဝေ မောဟနဲ့ သေရင် သွားပေပြန်ပေဦးတော့ တိရစ္ဆာန်ပြည်...။

ဆင်းဆင်းရဲရဲ ညှိုးညှိုးနွမ်းနွမ်း ပင်ပင်ပန်းပန်းနဲ့ တိရစ္ဆာန်ဘဝ ပေါင်း တစ်ရာလောက် ပြန်ကျင်လည်ပြီးမှ လူ့ဘဝ တစ်ခေါက် ပြန်လာ ခွင့် ရမယ်။

မုန်းငြိုးပြစ်မှား ဒေါသအားကြီးပြီး သေရင် သွားပေဦးတော့ ငရဲ ပြည်...။

တွယ်ငြိခုံမင် နောက်ဆံငင်ရ လောဘနဲ့မှား သေသွားရင် သွား ပေဦးတော့ ပြိတ္တာပြည်နဲ့ အသူရကာယ်ပြည်...။

အဲဒီ အပါယ်လေးဘုံများ ရောက်မိမှားမှဖြင့် လူ့ဘဝသို့ တစ် ကြိမ် ပြန်လာခွင့်ရဖို့ နှစ်ကာလ ထောင်သောင်းချီပြီး စောင့်ရ၊ ဒုက္ခတွေ နဲ့ ရင်းရဦးမယ် အမေ...။

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဆိုတဲ့ အပါယ်လေးဘုံမှာ လူတွေ အသွားများတာက တိရစ္ဆာန်ဘုံ...။ တစ်နည်းအားဖြင့်တော့ လာရာလမ်းကို ပြန်နေကြတာပါ အမေ။ လူ့ဘဝကို တစ်ခေါက်တစ်ခါ ရောက်လာတယ်ဆိုတာ မျက်စိလည် လမ်းမှားပြီး ရောက်လာပုံမျိုးပါ ပဲ။ အဲဒါတောင် လူနဲ့ အနေနီး ယဉ်ပါးတဲ့ လူ့အကျိုးပြု တိရစ္ဆာန်ဘဝ ရောက်ပါဦးမှ၊ သေချိန်မှာ လူကို စွဲပြီး သေလေတော့ အဲဒီ စွဲစိတ် ပို့ ဆောင်ရာ လူ့ဘုံခန်းဝါကို ယောင်ချာချာ ရောက်လာရတာပါတဲ့ အမေ။

အဲဒါဟာ တိရစ္ဆာန်ဘဝက တစ်ဆင့်တက်လှမ်းလာတဲ့ ပထမ ဆုံး ရတဲ့ လူ့အဖြစ်သဘောကို ပြောနေတာပါ။ ခဲသလဲ နွံ့ဗွက်တွေ ကြားက ပြည်တန်တဲ့ ပတ္တမြားကြီး ကောက်ရလိုက်သလိုပါပဲ။ ဒါပေမဲ့

www.dhammaransi.com



လူတွေကိုယ်တိုင် လူ့ဘဝရဲ့ တန်ဖိုးအစစ်အမှန်ကို မသိလို့ ပြည်တန်ပတ္တမြားကို ပဲလှော်နဲ့ လဲစားနေကြတယ်လို့ ဆရာတော်ဘုရားကြီး ဆုံးမတော်မူလေ့ရှိပါတယ်။

ပြီးတော့ ကိုယ့်ကိုယ်ကို ဒီလိုမေးခွန်းထုတ်ခိုင်းပါတယ်။

ငါ လူ့ပြည်ကို ဘာလာလုပ်တာလဲ။

မြတ်ဖို့ လာတာလား၊ ရှုံးဖို့ လာတာလား။

အမြတ်ကို လိုချင်ပါလျက် အရှုံးနဲ့ လှည့်ပြန်သွားရသူတွေ၊ တိရစ္ဆာန်ဘဝ စတဲ့ အောက်ဘုံတွေဆီ စုန်ဆင်းမျောပါသွားရသူတွေက ပိုများနေပါသတဲ့ အမေရယ်။

**အညွှန်း။**

(၁) ဗုဒ္ဓဘာသာဝင်တစ်ဦး၏ တစ်နေ့တာပြုကျင့်ရပုံများ။ (၁၃၅၇)

(၂) သာရတ္ထိယ ကထာ၊ ၁၉၉၆-အောက်တိုဘာ။

www.dhammaransi.com

# အမေခေါ်စရာ မရှိခဲ့ပါ

အမေ...

ကျွန်တော်တို့မှာ အမေခေါ်စရာ ရှိနေသေးတယ်။

အမေ ခေါ်စရာရှိနေသေးတယ်ဆိုတာ မေတ္တာတရားကို တမ်းတ ေ..ာင်းခံလို့ ရနေသေးတဲ့ဘဝကို ဖော်ပြနေတာ၊ တကယ့်တကယ်ကျ တော့ 'သတ္တလောကရဲ့ အစ' မှာ အမေခေါ်စရာမရှိခဲ့ပါ။ လူ အပါ အဝင် သက်ရှိတွေကို သတ္တဝါလို့ ခြုံပြီး ခေါ်ကြပါတယ်။

သတ္တဝါဆိုတာ သတ္တဝါသ၊

သ–အတ္တ၊ ဝါသ

သ–အတ္တ– မိမိကိုယ်နှင့် အာဝါသ – နေနိုင်ခြင်း

မိမိရဲ့ အထည်ကိုယ်ဖြင့် သီးခြားရပ်တည်နေနိုင်တဲ့ သဘောကို သတ္တဝါလို့ ဆိုရပါတယ်။

သက်မဲ့တွေရဲ့ သဘောနဲ့ တခြားစီ။

သက်မဲ့တွေဖြစ်တဲ့ အသီးအပွင့်တွေဟာ မိခင်ပင်မကြီးမှ ကြွေ

ဖောဓိမြိုင်စာစဉ်

www.dhammaransi.com



ကျသွားတဲ့အခါ (ဝါ) မိခင်လက်မှ လွတ်သွားချိန်မှာ သီးခြားအသက်ရှင်ပြီး နေခွင့်မရရှာ၊ သက်ရှိတွေကတော့ မိခင်ဝမ်းဗိုက်မှ ကျွတ်ပြီး မိခင်မှ အလွတ်ဖြစ်ပေမယ့် မိမိကိုယ်ထည်မှာ ပါလာတဲ့ ဓာတ်သဘာဝတွေကို မှီပြီး အသက်ရှင်နေထိုင်နိုင်ကြတယ်။

အဲဒါကို သတ္တဝါလို့ ခေါ်တာပါပဲ။

သတ္တဝါဘဝကို ပို့ဆောင်ပေးတဲ့ အကြောင်းခံဟာ ဓာတ်သဘာဝတွေ ဖြစ်ခဲ့ပါတယ်။ အဲဒီဓာတ်သဘာဝတွေဆိုတာကတော့ ရေ၊ မြေ၊ လေ၊ မီး ဆိုတဲ့ ဓာတ်ကြီးလေးပါး ဖြစ်ပါတယ်။ အဲဒီဓာတ်ကြီး လေးပါးမှာ အမာခံ မြေဓာတ်၊ မြေဓာတ်ကို မွမ်းမံပေးတဲ့ အစိုဓာတ်...ဒီဓာတ်နှစ်ပါးဟာ အဓိက အကြောင်းခံ၊ 'အခံဓာတ်' လို့ ဆိုရပါတယ်။

ပြီးတော့ အခိုးဓာတ်၊ အဲဒီအခိုးဓာတ်ကို သယ်ဆောင်ပေးတဲ့ အမှုတ်ဓာတ်နှစ်ပါးကတော့ အခြယ်အလှယ်လည်း ဖြစ်၊ 'အတိုက်ဓာတ်' လည်း ဖြစ်ပါတယ်။

သတ္တဝါ အဖြစ်နဲ့ လောကထဲ ဝင်ရောက်လာရတာဟာ အပူ၊ အအေးဆိုတဲ့ ဥတုအကြောင်းခံ တစ်ခုတည်းအပေါ် တည်မှီခဲ့ရတာပါ။ **မိမဲ့ ဖမဲ့ ဘဝက စတင်ခဲ့ရတာပါ။**

အခံဓာတ်ဖြစ်တဲ့ မြေဓာတ်မှာ ရေဟာ စိုစွတ်သောအားဖြင့် ကိန်းခိုနေခဲ့ပါတယ်။ အဲဒီ မြေဓာတ် ရေဓာတ်နှစ်ပါးကို အတိုက်ဓာတ်လို့ ခေါ်တဲ့ ဥတုရဲ့ အခိုးသတ္တိဟာ ပူလိုက် အေးလိုက်နဲ့ ပြုပြင်ဖန်တီးပေးခဲ့ပါတယ်။ အဲဒီမှာ မီးလောင်ရာ လေပင့် ဆိုသလို ဥတုရဲ့ အခိုးသတ္တိကို ကူညီအားဖြည့် မှုတ်လွှင့်ပေးတာက 'လေဓာတ်' ပဲ ဖြစ်ပါတယ်။ အဲဒီမှာ မြေကနေ 'မြေဆီ' ရယ်လို့ ပေါ်ထွက်လာပါတယ်။ အဲဒီ မြေဆီ

www.dhammaransi.com



ဟာ ရေက ပြောင်းလဲဖြစ်ပေါ်လာတာပါ။ မြေဆီပင်လျှင် တဖြည်းဖြည်း 'အညှီ'၊ 'အညှိ'ဘဝသို့ ရောက်ရှိသွားပါတော့တယ်။

အဲဒီ အညှီ– အညှိကနေ သန္ဓေသားအဖြစ်နဲ့ အသေးစား ပြပိုး၊ ရှုပိုး အဖြစ် ဦးစွာ ရောက်ရှိလာပါတော့တယ်။ အဲဒါကြောင့် အညှီကို မှီပြီး မိမဲ့ ဖမဲ့ ဘဝကသာ စတင်လာခဲ့တယ်။ တိရစ္ဆာန်ဘဝတွေက စတင်ဖြစ်ပေါ်ခဲ့တယ်။ ရုပ်ဓာတ်ခေါ် အထည်ကိုယ်ကြီးက စတင်ခဲ့ရတယ်လို့ ဆိုပါတယ်။ ရုပ်ဓာတ် အထည်ကိုယ်ကြီး အသက်ဝင်လာအောင် ပြုပြင်ဖန်တီးပေးတာလည်း ဓာတ်သဘာဝတွေပါပဲ။ ရုပ်ပုံစံတစ်ခု ဖြစ်လာချိန်မှာ အမှုတ်ဓာတ်ဟာ အခိုးဓာတ်ကို ကိုင်ပြီး လှုပ်နှိုးလိုက်တဲ့ အခါ အဲဒီရုပ်ပုံကြီး အသက်ဝင်လာတော့တာပါပဲ။ အဲဒီမှာ အာရုံကို ညွှတ်ယူပေးနိုင်တဲ့ နာမ်ဆိုတာလည်း ပေါ်ပေါက်လာပြီး ရုပ်နာမ် စုံ သတ္တဝါရယ်လို့ ဖြစ်လာပါတယ်။

ပြပိုး ရှုပိုးကလေးတွေအဖြစ်ကနေ နောင်ကာလ ကြာတော့ ဥခွံတွင်း မှီပြီးတော့လည်း တိရစ္ဆာန်ဖြစ်ကြရဦးမယ်၊ သားအိမ်တွင်း ဝင်ပြီးတော့လည်း တိရစ္ဆာန်ဖြစ်ကြရဦးမယ်။ အဲဒီလို ဥကိန်းမျိုး၊ သားအိမ်ခိုမျိုး အဆင့်ထိ တိုးတက်လာတဲ့အခါမှာတော့ ကမ္ဘာမြေ အနေကြာလာခြင်း၊ ရုပ်ဓာတ်ရဲ့ ကြီးထွားအား ပိုကောင်းလာခြင်းတို့ကြောင့် လာရောက်ထိတွေ့ တိုက်ခိုက်မှုများအပေါ် အသိဉာဏ်ပိုပြီး ခံစားခွင့် ရလာခဲ့ပြီ ဖြစ်ပါတယ်။

ခြပိုး ပုရွက်အဆင့်ကနေ အကောင်ငယ် အကောင်လတ် အကောင်ကြီး တိရစ္ဆာန်ဘဝတွေဆီ ရင့်ကျက်ရောက်ရှိပြီး သားသမီးတို့အပေါ် အစာရှာ ခွံ့ကျွေးခြင်း၊ နို့တိုက်ခြင်း၊ ဘေးရန်ကာကွယ်စောင့်ရှောက်

www.dhammaransi.com



ပေးခြင်း စတဲ့ ကောင်းစိတ်နဲ့ ကောင်းမှုများ စတင်ပြုလုပ်လာနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

မိမဲ့ ဖမဲ့ဘဝကနေ 'အမေဘဝ' ကို ပိုင်ပိုင်နိုင်နိုင် ရအောင် ...

ကာလရှည်ကြာ အဆင့်ဆင့် တက်လှမ်းလာခဲ့ရတယ် အမေရယ်။

ဒါတောင် 'လူသားမိခင်' ဘဝကို မရနိုင်သေးပါဘဲ တိရစ္ဆာန်ဘဝတွေမှာချည်း အကြိမ်ပေါင်း တစ်ရာလောက် ဝဲလှည့်ကျင်လည် အရင်းအနှီး ပေးပြီးတော့မှ လူသားမိခင်ဘဝကို တက်လှမ်းနိုင်ခဲ့တာပါတဲ့ အမေ ...။

**အညွှန်း။** ။ ပဋ္ဌိပက္ခ ဥဒ္ဒေသက ကထာ၊ ၁၉၉၆– အောက်တိုဘာ။

www.dhammaransi.com

# အမေ့ရဲ့သစ်ပင်

အမေတို့ရဲ့ မေတ္တာကို 'စုန်ရေ'နဲ့ တင်စားကြလေ့ ရှိပါတယ်။

စုန်ရေဆိုတာ မြင့်ရာက နိမ့်ရာဆီ စီးတဲ့သဘော၊ အမေတို့ရဲ့ မေတ္တာဟာ အမြင့်မားဆုံးမှာ အမြဲရှိတဲ့ သဘော၊ သားသမီးဆိုတဲ့ နိမ့်ရာဆီ စီးသွားလေ့ရှိတဲ့ သဘော။

မေတ္တာနဲ့ ပတ်သက်လာရင် စုန်ရေလို ကျင့်တာ မွန်မြတ် မှန်ကန်လှပါတယ်။ ဒါပေမဲ့ 'ဘဝဂတိ'၊ 'ဘဝအလား'နဲ့ ပတ်သက်လာရင်တော့ စုန်ရေလို မကျင့်နဲ့တဲ့။ မြစ်တွေဟာ နိမ့်ရာအရပ်တွေဆီ ကောက်ကောက်ကွေ့ကွေ့ စုန်ဆင်းသွားလိုက်တာ ပင်လယ်သမုဒ္ဒရာ ဝဲသြဃတွေဆီမှာ ခရီးဆုံးသွားပါလေရော။ ဝဲသြဃ လှိုင်းတံပိုးတွေကြားကနေ ကမ်းတစ်ဖက်ဆီ ဘယ်လိုကူးမြောက်နိုင်ပါတော့မလဲ။

အဲဒီတော့ ဘဝဂတိ ဘဝအလားနဲ့ ပတ်သက်လာရင်...

**မြစ်လို မကျင့်နဲ့၊ သစ်ပင်လို ကျင့်တဲ့။**

သစ်ပင်တွေဟာ နိမ့်ရာက မြင့်ရာဆီ အညွန့်တလူလူထွက်ပြီး

www.dhammaransi.com



အထက်သို့ တက်နေတဲ့ သဘောကို တွေ့မြင်မိပါလိမ့်မယ်။ ပြီးတော့ လူဆိုတာ အလံတံခွန်များ လွှင့်တင်ထားသလို မိမိတို့ဘဝတွေ တလူလူ မြင့်တက်အောင် စွမ်းဆောင်ရည် ရှိလို့ လူလို့ ခေါ်တာပါတဲ့ အမေ...။

'မနုဿ' လို့ ခေါ်တဲ့ လူဆိုတာ...

အကျိုးရှိ အကျိုးမဲ့ကို သိ,သိနေလို့ လူ၊ မသိရင် လူမဟုတ်။

အပြစ်ရှိ အပြစ်မဲ့ကို သိ,သိနေလို့ လူ၊ မသိရင် လူမဟုတ်။

ဒါကို ပါဠိတော်အားဖြင့် ပြောမယ်ဆိုရင်...

အတ္တာနတ္တံ မနတိ ဇာနာတီတိ မနုဿော

ကုသလာကုသလံ မနတိ ဇာနာတီတိ မနုဿော...တဲ့ အမေ။

ဒီသဘောကို ထောက်ခြင်းအားဖြင့် လူ့ဘဝ ရနေပေမယ့် လူသိ သိဖို့ အလွန်ခက်ပါတယ်။

ကြိုက်ရာမြင်တော့ အကောင်းထင်၊ မကြိုက်စရာမြင်တော့ အမုန်းဝင် တိုက်ခိုက်တာမျိုးဟာ ကိလေသာ ခိုင်းတာ ခံနေရတာပါ၊ အဲဒါ လူသိလည်း မဟုတ်၊ လူကျင့်လည်း မဟုတ်သေး။

ဒီ အသိ၊ ဒီအကျင့်မျိုး ခွေးစတဲ့ တိရစ္ဆာန်တွေလည်း သိနေ ကျင့်နေကြတာပါပဲ။

ကြိုက်လို့ သိတဲ့ 'ကြိုက်သိ' ဆိုတာ လူသိအစစ် မဟုတ်သေးပါဘူးတဲ့။

တကယ့်တကယ်ကျတော့ တိရစ္ဆာန်ဘဝပေါင်းများစွာက ပါလာတဲ့ အသိနဲ့ လူ့လောကမှာ အဆင်သင့် သတ်မှတ်ပြီးဖြစ်တဲ့ ဒါက အဖြူ၊ ဒါက အမည်းဆိုတဲ့ ပညတ်သိ၊ သညာသိတို့ ပေါင်းစပ်ထားရုံ အသိမျှနဲ့ လူလုပ်နေကြတာပါ။ ပြောမယ်ဆိုရင်တော့ လူဟာ တိရစ္ဆာန်ဘဝ

www.dhammaransi.com



ထက် အဆင့်အတန်း မြင့်တယ်၊ တိရစ္ဆာန်အဆင့်နဲ့ ကွာခြားလှတယ်ဆိုပေမယ့် လူရဲ့ တစ်နေ့တာ အချိန်ဆိုတာ တိရစ္ဆာန်တို့ရဲ့ ဘာသာဓလေ့ဖြစ်တဲ့ အိပ်၊ စား၊ ကာမနဲ့ ဝမ်းစာ ရှာခြင်းဘက်မှာသာ အလေးသာနေတာပဲ မဟုတ်လား အမေ ...။

ဒါကြောင့် လူဆိုတဲ့ ရုပ်သာ ရလိုက်ပြီး လူ့အသိကို ပြည့်ပြည့်ဝဝ မရတဲ့အတွက် 'လူကိုယ်နဲ့ တိရစ္ဆာန်စိတ်' အဖြစ်နဲ့သာ လူတွေဟာ ဘဝကို ကုန်လွန်နေကြရှာပါတယ်။ အဲဒီလိုဆိုရင်တော့ လူ့ဘဝကို ခဏသာ အလည်လာတဲ့ ဧည့်သည်ပမာ ဖြစ်ပြီး အချိန်တန်တော့ ကိုယ့်အိုးကိုယ့်အိမ်ဆီသို့သာ နောက်ကြောင်းလှည့်ပြန်ရမှာပေါ့ အမေ၊ ကိုယ့်အိုး ကိုယ့်အိမ်ဆိုတာကတော့ ဘဝများစွာ တစ်သံသရာလုံး စုန်းစုန်းမြုပ် ကျင်လည်ခဲ့ရာ တိရစ္ဆာန်ဘုံပါပဲ အမေ။

လူတွေကတော့ သူတို့မှာ ရှိသမျှ ဉာဏ်နီဉာဏ်နက်ကလေး ညှစ်ထုတ်ပြီး ကတ်တီးကတ်ဖဲ့ ပြောတတ်ကြရဲ့။

'လူ့ဘဝ ရဖို့ ဘာခက်သလဲကွာ၊ ကလေးတွေ မွေးနေလိုက်တာ ဟောတစ်ယောက် ဟောတစ်ယောက်ပဲ၊ တစ်ကမ္ဘာလုံးမှာ မိနစ် နာရီနဲ့ အမျှ ကလေးတွေ မွေးနေကြတယ်၊ မွေးလွန်းလို့ တားမြစ်နေရတယ်၊ စီမံကိန်းတွေချပြီး ပိတ်ဆို့နေရတယ်၊ လူဖြစ်ဖို့ မခက်ပါဘူးကွာ' တဲ့။

မြင်ဖူးကြားဖူးတာလေး ပြောပြီး လူတွင်ကျယ်လုပ်နေတတ်ကြရဲ့။

သူ မကြည့်လို့ သူ မမြင်တဲ့ ဆင်ခြင်စရာတွေက သူ့အနားမှာ။

အိမ်တစ်အိမ်မှာ ရှိတဲ့ လူဦးရေနဲ့ အဲဒီအိမ်မှာ မှီခိုကပ်ရပ်နေတဲ့ တိရစ္ဆာန်ကောင်ရေ ဘယ်ဟာက ပိုများသလဲလို့ ဆရာတော်ဘုရားကြီးက မေးလိုက်ပါပြီ။

www.dhammaransi.com



အိမ်တစ်အိမ်မှာ ရှိတဲ့ ခြင်တွေ၊ ကြမ်းပိုးတွေ၊ ကြွက်တွေ၊ အိမ်မြှောင်တွေ၊ ပင့်ကူတွေ၊ ပိုးဟပ်တွေ၊ ခွေး၊ ကြောင်၊ ကြက်၊ ဝက်၊ ဘဲ၊ နွားအထိ ဘယ်လောက်များလိုက်ပါသလဲ အမေ။

လူတွေကမှ သားမွေးဖို့ တစ်နှစ်လောက် အချိန်ယူရသေးတယ်။ ပြီးတော့ တစ်ခါမွေးမှ အလွန်ဆုံး အမြွှာပူး နှစ်ယောက်ပေါ့။ ကြွက်လို အကောင်တွေက တစ်လ တစ်ကြိမ် သားပေါက်နေတာ။ သားတစ်ကြိမ် ပေါက်လိုက်ရင်များ အုပ်လိုက် သင်းလိုက်၊ လူတစ်သက်လုံး မွေးတာတောင် ကြွက်ကို မမီဘူး။ ဒီလိုပဲ ခွေးသားအုပ်တွေ၊ ကြက်သားအုပ်တွေ ဘယ်လောက်တိုးပွားနေသလဲ။

ရွာထဲက လူဦးရေ စုစုပေါင်းဟာ ပုရွက်ဆိတ် တွင်းကြီးထဲက ပုရွက်ကောင်ရေလောက် များရဲ့လား။ အဲဒါတောင် ကျွဲနွား ကြက်ဝက် ခွေးကြောင်ကြွက်တွေ မပါသေးဘူးနော်။ ရေထဲက ငါးပုစွန်တွေနဲ့ တောထဲက အကောင်တွေ မပါသေးဘူးနော်။

အဲဒီတော့ လူဦးရေက များသလား၊ တိရစ္ဆာန်ကောင်ရေက များသလား။

လူဖြစ်ဖို့ လွယ်သလား၊ တိရစ္ဆာန်ဖြစ်ဖို့ လွယ်သလား။

လူနဲ့ တိရစ္ဆာန်ရဲ့ အရေအတွက်ကို အချိုးချကြည့်ပါလေ။

ကိုယ့်အိမ်၊ ကိုယ့်ရွာကနေ ကိုယ့်နိုင်ငံ အပါအဝင်ဖြစ်တဲ့ 'အာရှတိုက်'ကြီးကိုပဲ ကြည့်လိုက်ပါဦး။ (အာရှတိုက်ဆိုတာ သူတို့ အင်္ဂလိပ်တွေ မပီကလာ ခေါ်တဲ့ နာမည်။) အရိယာသူတော်ကောင်းတွေ ပွင့်ထွန်းရာဖြစ်လို့ 'အရိယတိုက်' လို့ ခေါ်တယ်။ ဗုဒ္ဓစာပေတွေမှာတော့

www.dhammaransi.com



ဒီ အရိယ (အာရှ) တိုက်ကြီးရဲ့ အကျယ်အဝန်းဟာ ယူဇနာတစ်သောင်း လို့ ဆိုပါတယ်။ အဲဒီ ယူဇနာတစ်သောင်းမှာ...

ပင်လယ် သမုဒ္ဒရာက – ယူဇနာ လေးထောင်

ကုန်းမြေက – ယူဇနာ ခြောက်ထောင်

အဲဒီ ယူဇနာခြောက်ထောင်ကို ပြန်ခွဲတော့...

မြို့ရွာ တည်ထားတာက – ယူဇနာ သုံးထောင်

တောဖြစ်နေတဲ့ ကုန်းမြေက – ယူဇနာ သုံးထောင်

ရှိတယ်လို့ ဆိုတယ်။ အဲဒီတော့ ရေပိုင်နက် ယူဇနာလေးထောင် နဲ့ တောတောင်ကုန်းမြေ ယူဇနာသုံးထောင် နှစ်ရပ်ပေါင်း ယူဇနာ ခုနစ်ထောင်ဟာ တိရစ္ဆာန်တွေရဲ့ နေရာဒေသ လောက ကမ္ဘာပဲ။ (မြို့ ရွာ အိမ်ခြေတွေမှာလည်း ပိုးဟပ်တွေ၊ ကြွက်တွေက စပြီး ကျွဲနွား ကြက် ဝက်တွေအထိ တိရစ္ဆာန်တွေ ရှိနေတာပဲ။)

အဲဒီတော့ ယူဇနာ ခုနစ်ထောင်လုံးမှာ အိမ်ရာ လုပ်ပြီး နေကြတဲ့ တိရစ္ဆာန်ကောင်ရေနဲ့ လူဦးရေ ဘယ်ဟာက ပိုများသလဲ၊ အဖြေရပြီဆို ရင် လူနဲ့ တိရစ္ဆာန်ဖြစ်ဖို့ ဘယ်ဟာက ပိုခက်သလဲဆိုတာ သဘော ပေါက်လောက်ပါပြီ။

လူတစ်ယောက်တည်းရဲ့ကိုယ်တွင်းမှာပဲ ပိုးအမျိုးပေါင်း ရှစ်ဆယ် အသက်ရှင် လှုပ်ရှားနေကြတယ်နော်၊ ရှစ်ဆယ်ဆိုတာ အမျိုးပေါင်းကို ပြောတာ၊ အကောင်ပေါင်း မဟုတ်သေးဘူး။ အကောင်ပေါင်းကတော့ မှန်ပြောင်း မှန်ဘီလူးတွေနဲ့ ကြည့်ပြီး ရေတွက်ရင်တောင် မရေတွက်နိုင် အောင် များပါတယ်။ အဲဒီ ပိုးကောင်တွေ ဆိုတာလည်း လူ့ကိုယ်ကြီး ကိုပဲ အိမ်လုပ်နေကြတယ်၊ လူ့ကိုယ်ကြီးကိုပဲ စားသောက်နေကြတယ်၊

www.dhammaransi.com



လူ့ကိုယ်တွင်းမှာပဲ အိမ်ထောင်သားမွေး လုပ်နေကြတယ်၊ လူ့ကိုယ်ကြီးကိုပဲ သင်းချိုင်းသုသာန်လုပ်ပြီး သေနေကြတယ်နော်။

ဆိုလိုတာကတော့ လူဖြစ်ဖို့ လွယ်သလား၊ တိရစ္ဆာန်ဖြစ်ဖို့ လွယ်သလားဆိုတာ အဖြေမှန် သိစေချင်လို့ပါပဲ။ အဲဒီတော့ တိရစ္ဆာန်ကောင်ရေနဲ့ နှိုင်းစာလိုက်ရင် လူဦးရေဟာ မများသေးပါဘူး။ ရှားပါးပါတယ်။ ဒါတောင် တိရစ္ဆာန်ဘဝပေါင်း တစ်ရာလောက် ကျင်လည်ရင်းနှီး ပေးဆပ်ပြီးမှ လူ့ဘဝ တစ်ခါသာ ရတာပါ။

တစ်ခါသာ ရတဲ့ လူ့ဘဝမှာ အမြတ်ထွက်အောင် မနေတတ်ဘူးဆိုရင်တော့ အရှုံးနဲ့ လှည့်ပြန်ကြရလိမ့်မယ်။ ဒုံရင်းဘဝ ဖြစ်တဲ့ တိရစ္ဆာန်ဘဝတွေဆီ ပြန်ကြရလိမ့်မယ်။

အဲဒီတော့ အင်မတန် ရှားရှားပါးပါး ရတောင့်ရခဲ လူ့ဘဝကို မဖြုန်းတီးပစ်ပါနဲ့၊ အမွေရထားတဲ့ ရွှေငွေတွေ ဖဲပေါင်ရိုက်သလို မလုပ်ပါနဲ့။

အိပ်၊ စား၊ ကာမ နဲ့ ဝမ်းစာရှာတတ်ရုံနဲ့တော့ လူလို့ အမည်မခံချင်ပါနဲ့တဲ့။ အဲဒါ တိရစ္ဆာန်တွေရဲ့ ဘာသာဓလေ့ပါ၊ ကာမဂုဏ်ဆိုတာ ခွေးဖြစ်လည်း ခံစားလို့ ရပါတယ်၊ ဝက်ဖြစ်လည်း ခံစားလို့ ရပါတယ်။ ကာမ ရသ မခံစားရမှာ မပူပါနဲ့၊ မလွဲပါဘူးလို့ ဆရာတော်ဘုရားကြီးက အတုံးလိုက် အတစ်လိုက် ဆုံးမလိုက်ပါတယ် အမေ။

ရတောင့်ရခဲ လူ့ဘဝဆုလာဘ် ဒုလ္လဘ တရားကြီးနဲ့ လွဲသွားမှာစိုးလို့ ဆရာတော်ဘုရားကြီးက ညွှန်ပြနေတာပါ။ ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက မြစ်လို မကျင့်နဲ့၊ သစ်ပင်လို ကျင့် . . . တဲ့။

မြစ်တွေဟာ ကွေ့ကွေ့ကောက်ကောက်နဲ့ အောက်အရပ် အောက်

www.dhammaransi.com



ဘုံတွေဆီ စုန်ဆင်းနေကြတယ်။ သစ်ပင်တွေကတော့ နိမ့်ရာက မြင့်ရာဆီ အညွန့်တလူလူ ထွက်ပြီး အထက်ကို တက်နေကြတယ် အမေ။

**အညွှန်း။**

(၁) သမ္ဗောဇ္ဈင်ကာရကထာ (လက်နှိပ်စက်မှု)။

(၂) ၁၁-၆-၉၇ နတ်တလူတောရမှာ ဟောတဲ့ တရား။

www.dhammaransi.com

# အမေနှင့် သေဟော်ရှင်ဘက်

အမေရေ...

လူတွေဟာ တိရစ္ဆာန်တွေလိုပဲ အိပ်၊ စား၊ ကာမ၊ ဝမ်းစာရှာနဲ့ ရခဲတဲ့ လူ့ဘဝကို လွယ်လွယ်လေး ကုန်ဆုံး ဖြုန်းတီးပစ်ကြောင်း ဆရာတော်ဘုရားကြီးက ညွှန်ပြတော်မူခဲ့ပြီ။

တန်ဖိုးကြီးတဲ့ နှမြောတသဖွယ် အချိန်တွေ ဘယ်ပုံကုန်ဆုံးပစ်တယ်ဆိုတာကို ဒီလိုဆက်ဟောခဲ့ပြန်ပါတယ်။

* မွေးစက ဆယ်နှစ်အတွင်း ကစားပျော်ပါးခြင်းဖြင့် အချိန်ကုန်တယ်။ ထမင်းမေ့ ဟင်းမေ့ မေ့မေ့မောမော ကစားခဲ့တဲ့ အချိန်တွေ။
* အသက် ဆယ်နှစ်က နှစ်ဆယ်အတွင်းမှာတော့ အမြင်ဆန်း၊ အကြား ဆန်း စတဲ့ အာရုံဆန်းတွေနောက် မေ့မေ့ကြီးနဲ့ တန်းလန်းကြီး လိုက်ပါ အချိန်ကုန်ရတယ်။
* အသက်သုံးဆယ်မှာတော့ အာရုံခံစားမှု လွန်ရာက ရာဂသွေးထကြွ မွန်ထူ မေ့မောပြီး အချိန်ကုန်သွားပြန်တယ်။

www.dhammaransi.com



* အသက် လေးဆယ်တန်းမှာတော့ သားဖော သမီးဖောတွေ မွှန်ထူ မေ့မောပြီး အချိန်ကုန်သွားပြန်တယ်။
* အသက် ငါးဆယ်တန်းမှာတော့ရှေ့ရေးစသည် တွေးပူပြီး ဉာဏ်နိဉာဏ်နက်ထုတ်ကာ အချိန်ကုန်ရပြန်တယ်။
* အသက် ခြောက်ဆယ်တန်းမှာတော့ သားသမီးရိပ် သောကစိတ်တွေနဲ့ အချိန်ကုန်ရပြန်တယ်။
* အသက် ခုနစ်ဆယ်တန်းမှာတော့ မြေးမြစ်တို့ကြား အတူကစားရင်း အချိန်ကုန်ရပြန်တယ်။
* အသက် ရှစ်ဆယ်တန်းမှာတော့ဖြင့် ဘယ်သူကမှ လူရာမသွင်းတော့ခြင်းဖြင့် ဘဝရဲ့နောက်ဆုံးအချိန်ဟာ ကုန်လွန်သွားရပါရောလား။

တစ်နည်းအားဖြင့်တော့...

မွေးစမှ ဆယ်နှစ်အတွင်း အချိန်ဟာ နေထွက်လာချိန်နဲ့ တူပါတယ်။

လူပျိုပေါက် ဆယ့်ငါးဆယ့်ခြောက်ရောက်လာတော့ ဒါဟာ ဆွမ်းခံဝင်ချိန်နဲ့ တူတာပေါ့ အမေ၊ အသက် နှစ်ဆယ်လောက်ကတော့ နေ ထန်းတစ်ဖျားပေါ့။ ဟော...သုံးဆယ်နဲ့ လေးဆယ်လောက်ကျတော့ ဘဝရဲ့ နေမွန်းတည့်ချိန်ပေါ့ အမေရယ်။ အသက် ငါးဆယ်၊ ခြောက်ဆယ် အရွယ်ဆိုတာကတော့ နေစောင်းချိန်လို့ ဆိုရပါမယ်။ အသက် ခုနစ်ဆယ်၊ ရှစ်ဆယ်အရွယ်ကျတော့ဒါဟာ နေဝင်ခါနီး အချိန်ပါပဲ။ အသက် ရှစ်ဆယ်၊ ကိုးဆယ်ရောက်တော့မှ တားလို့ မရတော့

www.dhammaransi.com



ဘူး အမေ၊ ဒီအချိန်မှာတော့ဖြင့် တစ်နေဝင်ပါပေါ့၊ မှောင်ရိပ်တွေ ဖုံးလွှမ်းခဲ့ပါပေါ့။

ဘဝရဲ့ တစ်သက်တာဟာ ဘာမှ ကြာလိုက်တယ် မထင်ရသလို ဘာမှလည်း အကျိုးမရှိခဲ့ပါလား အမေရယ်၊ ဒါတောင် အသက် တစ်ရာတန်းကို သက်တမ်းစေ့ တွက်ပြထားတာ၊ အသက်တိုသူတွေအဖို့ တော့ ဆိုဖွယ်ရာမရှိပေါ့။ ဘဝတစ်သက်တာလုံး အချိန်ကို အကျိုးရှိရှိ အသုံးမချခဲ့တာဟာ တစ်နေ့ချင်း တစ်ရက်ချင်း အချိန်တွေ အကျိုးမဲ့ ဖြုန်းတီးခဲ့လို့ပါပဲ။

တစ်ရက်တာမှာတောင်မှ နေ့နဲ့ ည ဆိုပြီး ပိုင်းခြားထားတယ်။

ညဆိုတဲ့ အိပ်ချိန်မှာ အိပ်ပျော်သွားတာနဲ့ ဘာမှ မသိတော့ဘူး။ အိပ်နေတဲ့ တစ်ချိန်လုံးဟာ မောဟဖုံးနေတာ၊ ဘာမှ မသိတော့တဲ့အချိန် ဖြစ်လို့ တိရစ္ဆာန်တို့ရဲ့ သဘာဝနဲ့ ဘာမှမခြားဘူးတဲ့။ ညဆိုတဲ့အချိန် ဟာ တစ်ရက်ရဲ့ တစ်ဝက်ရှိပါတယ်။ တစ်ရက်ရဲ့ တစ်ဝက်ဟာ ဘာမှ မသိခြင်းဆိုတဲ့ အဝိဇ္ဇာ၊ မေ့မေ့ကြီးနဲ့ နေခြင်းဆိုတဲ့ မောဟတွေ ဖုံးလွှမ်း ခံခဲ့ရပြီ။

မနက်လင်းလို့ အိပ်ရာက နိုးလာပြန်တော့လည်း အများစုဟာ အပူက နှိုးလို့ နိုးလာခဲ့ရပုံမျိုး၊ ညှိုးညှိုးနွမ်းနွမ်း မလန်းမဆန်းနဲ့၊ ပြီး တော့ ဟာနေတဲ့ ဗိုက်ကို ဖြည့်ဖို့ စားစရာ စီမံရပြန်တယ်။ စားပြီးပြီ ဆိုတာနဲ့ လူတွေ တညီတညွတ်တည်း ကြံစည်ကြတာဟာ ငွေရှာဖို့ ဖြစ် ပါတယ်။ ငွေက အပြင်ထွက်ရှာရမှာဆိုတော့ လောဘက သူ့ကို ဆွဲ ခေါ်သွားပြီ။ ဟိုဘက်အိမ်က လူတွေလည်းပဲ လောဘက ဆွဲခေါ်လို့ အပြင်ထွက်လာရသူတွေချည်း၊ လောဘ အကြိုက်ချင်း တူနေတော့

www.dhammaransi.com



အပေးအယူ အမြှုအဆွယ် လုပ်လို့ ရရင်ရ၊ မရရင် ဒေါသဘက် ဦးတည်သွားပြီ။ နဂိုက မောဟထုပြောတဲ့ လူ့ဘောင်ကြီးမှာ လောဘနဲ့ ဒေါသတွေ ထပ်လောင်း ပေါင်းဆင့်ထားလိုက်ပြီ။ ဒီကိုယ်နဲ့ ဒီစိတ်မှ မပင်ပန်းရင် ဘယ်ကိုယ် ဘယ်စိတ်တွေ ပင်ပန်းပါတော့မလဲ အမေ။

ဒီပင်ပန်းမှုတွေ မေ့ပျောက်အောင် ပျော်စရာ ရွှင်စရာ ရှာပြီး အမေ့ခံ၊ အမေ့ကောက်ပေးရတော့တာပါပဲ။ ပွဲလမ်းသဘင် လောက်နဲ့မှ ပင်ပန်းမှုတွေ မေ့ဖျောက်လို့ မရသေးရင် အရက် စတဲ့ မူးယစ်ဆေးတွေ သုံးပြီး လုံးလုံးကြီး အမေ့ခံလိုက်ကြတာပေါ့ အမေ။

အဲဒီတော့ တစ်နေ့ တစ်ရက်ဆိုတာ နေ့အချိန်မှာ အာရုံလှည့်ပတ်ရာနောက် ကောက်ကောက်ပါအောင် လိုက်ပြီး အချိန်ကုန်ခဲ့ရသလို ညအချိန်မှာတော့ အတွင်းမောဟ သိပ်ပေးရာဆီ အိပ်ပျော်ခြင်းဖြင့် မေ့မေ့ကြီးနဲ့ လိုက်ပါသွားခဲ့ရပါတယ်။

တပ်မက်ခြင်းနဲ့ မေ့လျော့ခြင်း (ဝါ) မက်ခြင်းနဲ့ မေ့ခြင်း...ဒီနှစ်ခုလုံး မောဟဖုံးလွှမ်းခြင်းရဲ့ သင်္ကေတများသာ။ မက်ခြင်းနဲ့ မေ့ခြင်းဟာ သဘာဝအားဖြင့် အတူတူ၊ ဘာမှ မသိခြင်းနဲ့ ဇဝေဇဝါအားဖြင့် သိခြင်း လောက်သာ ကွာခြားပါသတဲ့ အမေ၊ ဇဝေဇဝါသိဆိုတာ ကိုယ်တိုင် သိ ကိုယ်ပိုင်အသိ မဟုတ်ဘဲ လူပြောသိ၊ ငါပြောသိ၊ သညာသိ၊ ပညတ်သိ အဆင့်မျှသာ။

သတ္တဝါတွေဆိုတာ မသိရာက စခဲ့တယ်။ မသိအားကြီးသဖြင့် မေ့မေ့ကြီးနဲ့ အာရုံခံစားရာက စခဲ့တယ်။ အဲဒီ မသိမေ့ဖြင့်ပင် ဘဝများစွာ ကုန်လွန်လာလိုက်တာ ရတောင့်ရခဲ လူ့ဘဝတိုင်အောင်ပါပဲ အမေရယ်။ ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက 'ဘဝနဲ့ အချိန်' ဆိုတာ ခွဲ

www.dhammaransi.com



ပစ်လို့ မရ၊ အချိန်ဆိုတာ ဘဝရဲ့ သေဖော်ရှင်ဘက်မိတ်ကောင်း ဆွေကောင်းပေမို့ တန်ဖိုးရှိရှိ၊ တန်ဖိုးသိသိ သုံးတတ်ပါစေလို့ ဆုံးမတော်မူပါတယ် အမေ။

**အညွှန်း။** ။ ပမာဒါ ပမာဒ ဒွေဘာဂိယ ကထာ(လက်နှိပ်စက်မူ)

www.dhammaransi.com

# အမေနှင့် ဘဝနေနည်း

အမေ...

လူတွေ ဘယ်လောက်အလုပ်ရှုပ်ရှုပ် စာရင်းချုပ်ကြည့်လိုက်တော့ ကြိုက်လို့လုပ်တဲ့ အလုပ်နဲ့ မကြိုက်လို့ လုပ်တဲ့အလုပ် ဒီအလုပ်နှစ်ခုပဲ ရှိပါတယ်တဲ့။

ကြိုက်လို့ လုပ်တာက လောဘ၊ မကြိုက်လို့ လုပ်တာက ဒေါသ။

ကြိုက်ရင် အကောင်း၊ မကြိုက်ရင် အဆိုး အဲဒီလို ခံစားသတ်မှတ်လိုက်ပြီး...

'အကျိုးရှိ၊ အကျိုးမဲ့'၊ 'အပြစ်ရှိ၊ အပြစ်မဲ့' ခွဲခွဲခြားခြား မသိတော့ဘဲ ထင်ရာမြင်ရာ လိုက်လုပ်ကြတော့တယ်။ ကိုယ် ဘာလုပ်လို့ လုပ်နေမှန်း မသိဘဲ ဘဝတစ်ခု ကုန်လွန်သွားရတယ်။

နေဖို့ လုပ်နေကြတယ် ပြောပေမယ့် နေခြင်းတရားဆိုတာ မသေချာ၊ အဲဒီ မသေချာမှုဟာလည်း ဘယ်သူ့ကိုမှ သည်းခံစောင့်ဆိုင်းနေမှာ မဟုတ်ဘဲ သူသွားစရာရှိတာကို ဆက်သွားနေပါတယ်။

ဖောဓိမြိုင်စာစဉ်

www.dhammaransi.com



လောကကြီးမှာ **ဘယ်တော့မှ မရပ်နားတဲ့ အရာသုံးခု** ရှိသတဲ့ အမေ။

ကာလ…ဆိုတဲ့ အချိန်

ဝယ…ဆိုတဲ့ အရွယ်

ကိလေသာ…ဆိုတဲ့ အာရုံခံစားမှုတွေပါပဲ။

အချိန်ကာလကို မှီပြီး 'အရွယ်' ဆိုတာ ဖြစ်ပေါ်ခဲ့ပါတယ်။ အချိန်ကာလဟာ အရွယ်ဆိုတဲ့ အပိုင်းအခြားကို အမြဲဝါးမျိုနေတယ်။ ဒါကြောင့် အရွယ်ဆိုတာလည်း ပြောင်းလဲဖြစ်ပျက်နေတယ်။ မွေးစအရွယ် ကလေးအရွယ်၊ လူပျိုပေါက်အရွယ်၊ လူငယ်အရွယ်၊ လူကြီးအရွယ်… စသည်ဖြင့်။

အရွယ်တိုင်းမှာ အာရုံခံစားမှုတွေကလည်း မရပ်နားပါဘူး။

မြင်တဲ့အလုပ်၊ ကြားတဲ့အလုပ်၊ နံတဲ့အလုပ်၊ စားသောက်အရသာခံတဲ့အလုပ်၊ ကိုင်တွယ်ထိတွေ့တဲ့အလုပ်ဆိုပြီးတော့ ဒီအလုပ် ငါးမျိုးနဲ့ ရှုပ်ထွေးနေခဲ့ရတာပါပဲ။

အဲဒါကြောင့် ဆရာတော်ဘုရားကြီးက…

အလုပ်ရှုပ်တယ်ဆိုတာ လုပ်လို့ ရှုပ်တာပါဗျ၊ 'အလုပ်ရှုပ်တာလား၊ အရှုပ်လုပ်တာလား' လို့ မေးလေ့ရှိပါတယ်။ ဒီလိုအလုပ်တွေ ရှုပ်နေရကောင်းလားဆိုပြီးတော့လည်း အိုခြင်းနဲ့ နာခြင်းက သည်းမခံပါဘူး။ အိုတာနဲ့ နာတာဟာ သေမင်းရဲ့ လက်ပါးစေနှစ်ယောက်ပဲတဲ့ အမေ။

အနာပျောက်ဆေး ရှိပေမယ့် 'အအိုပျောက်ဆေး' မရှိသေးတော့ မသေခင်မှာ အိုခြင်းဒုက္ခကိုတော့ လူလူကြီး ခံစားကြရလိမ့်မယ်တဲ့။

www.dhammaransi.com



အဲဒီလို အိုပြီဆိုမှ တစ်သက်လုံး မေ့မေ့ကြီးနဲ့ နေလာခဲ့တဲ့အရာကို သတိရတော့ တယ်တဲ့အမေ။

အဲဒါကတော့ 'သေခြင်းတရား'...။

နေဖို့သာ လုပ်ခဲ့တဲ့ လူတွေဟာ သေဖို့ အသင့်မပြင်ရသေးဘူး အမေ။

သေလုဆဲဆဲ အချိန်ထိအောင် အစွဲတွေက နာလှသပေါ့။ အဲဒီ အစွဲတွေထဲမှာ ရွှေငွေ ရတနာ တိုက်တာ စည်းစိမ် ကြင်ယာသက်ထားနဲ့ သားသမီး မြေးမြစ်တွေ၊ ဂုဏ်ပကာသနတွေ၊ မာန်မာနတွေ၊ ပြီးတော့ ဘုရားကျောင်းကန် ဇရပ်ဆိုတဲ့ ကုသိုလ်ကောင်းမှုတွေလည်း ပါမယ်ပေါ့ အမေ။

ကောင်းမှုပြုခဲ့ဖူးပေမယ့် ကောင်းကျိုးဆီ ချက်ချင်း သွားရတာမျိုး မဟုတ်ဘဲ စွဲရာဘဝဆီသာ လိုက်ပါသွားရတတ်ပါသတဲ့။ ဥပမာအားဖြင့် ကိုယ်လှူခဲ့တဲ့ ကျောင်းစွဲပြီး သေရင် အဲဒီကျောင်းနား ရစ်ဝဲရစ်ဝဲလုပ်ပြီး ကျောင်းစောင့်ပြိတ္တာကြီး ဖြစ်သွားရတတ်သတဲ့ အမေ။ အဲဒီတော့ ဘာပဲလုပ်လုပ် အစွဲမပါ စေတနာမှန်မှ အကျိုးပေးသန်မယ်လို့ ဆိုပါတယ်။

လူ့ဘဝကြီးမှာ အနေလှခဲ့ကြသလောက် အသေမလှသူတွေက ပိုများနေတတ်ပါတယ်။ အသေမလှဘူးဆိုတာ လမ်းဘေးမှာ ခွေးသေ ဝက်သေ သေရတာမျိုးကို မဆိုလိုပါ။ ပန်းမွေ့ရာ ရွှေကော်ဇောကြီးပေါ်မှာ သေရင်လည်း နှလုံးမသာယာ စိတ်နဲ့ သေရင် မျက်နှာမည်းကြီးနဲ့ သေရမှာ၊ မိသားစုကို စိတ်မချခြင်း၊ ခင်မင်စိတ် အားကြီးခြင်းတို့နဲ့ သေရင်လည်း မျက်နှာညိုးကြီးနဲ့ သေရမှာ။ လူ့ဘဝ နေခဲ့ရစဉ် ဘယ်

www.dhammaransi.com



လောက်ပင် ဆင်းရဲဆင်းရဲ သေချိန်မှာ ကုသိုလ်စိတ်၊ ဖြစ်ပျက်စိတ်၊ ပီတိစိတ်နဲ့ သေရင် မျက်နှာဟာ ပြုံးလို့၊ အသေလှတယ်ဆိုတာ အဲဒါမျိုး။ (မသာ လှူစည်တာ မဟုတ်ဘူးနော်။)

သေမင်းရဲ့ သေခြင်းတရားကို ပြုံးပြုံးလေးနဲ့ ရင်ဆိုင်နိုင်အောင် နေထိုင်သွားတတ်သူဆိုတာ အင်မတိ အင်မတန် ရှားရှားပါးပါးပဲတဲ့ အမေ။ အဲဒီလို အသေလှသူတွေဟာ လူ့ဘဝနေထိုင်စဉ် စွဲစိတ်တွေ ချွာချသွားခဲ့လို့။ တကယ့်တကယ်ကျတော့ အဲဒီစွဲစိတ်တွေ ချွာချပစ်ဖို့ ဆိုတာ အာရုံခံစားတိုင်းမှာ နိုးကြားသတိ မကွာရှိမှတဲ့ အမေ။ လွယ်ပါ့ မလား။ လွယ်တယ်ဆိုရင်တောင် လွယ်တိုင်း လုပ်နိုင်ခဲ့ကြပါသလား။ ကာမဂုဏ် အာရုံတွေကိုတော့ ခက်ခက်ခဲခဲ ရအောင် ကြိုးစားပြီး မေ့မေ့ မျောမျော ကြီးနဲ့ ခံစားကြလို့။ ဒီခံစားမှုအပေါ်မှာ သတိကလေး ရှိပါစေဆိုတော့ ဘာမှ အားမစိုက်ရပါဘဲ ခက်ခဲနေတတ်ကြပြန်ပါတယ် အမေ။

အဓိက တရားခံကတော့ မေ့လျော့ခြင်း။

ဒီလို ဘာကြောင့် မေ့မေ့ကြီးနဲ့ နေကြသလဲဆိုတော့...

- ကောင်းအာရုံ၊ ဆိုးအာရုံ ကိလေသာဒဏ် ခံနေရလို့၊
- တိရစ္ဆာန်ဘဝပေါင်း များစွာက ပါလာတဲ့ တွေဝေမေ့လျော့ခြင်း ဆိုတဲ့ မောဟ လက်ကျန် မကုန်သေးလို့၊
- သက်သာလွယ်ကူရာ ကြိုက်တဲ့ စိတ်အလိုကို လိုက်လိုက်နေလို့၊

အဲဒီလိုအကြောင်းသုံးခု သွားတွေ့ပါတယ်။ ပြီးတော့ ဘဝတစ်ခုရဲ့ အစမှာပဲ နှစ်သက်မှု တဏှာက အမြစ်စွဲ သန္ဓေတည် နေရာဦးခဲ့ပြီးပြီ မဟုတ်ပါလား။ သေခါနီးအချိန် ထင်မြင်လာတဲ့ အာရုံနိမိတ်တွေမှာ

www.dhammaransi.com



ကိုယ်သွားရောက်ရမယ့် ဘဝရုပ်ပုံတွေ ထင်ဟပ်ပြသပြီးသား၊ ခွေးဖြစ်မယ့် လူက ခွေးနိမိတ်ထင်၊ ငရဲရောက်မယ့်လူက ငရဲနိမိတ်ထင်ပြီးသား၊ ဒီနိမိတ်တွေကို ငြင်းလို့ မရပါ။ ငြင်းဆန်ရုန်းကန်ဖယ်ရှားနေနိုင်သေးသမျှ အသက်မထွက်သေးပါ။ ငြင်းဆန်ဖို့ ခွန်အားလျော့ကျသွားတာနဲ့ ကိုယ်သွားရောက်ရမယ့် ဘဝနိမိတ်အပေါ် တစ်ချက်ကလေး သာယာလက်ခံလိုက်ချိန်ကျမှ အသက်ထွက် သေဆုံးသွားရတာပါတဲ့ အမေ။

အဲဒီတော့ ဘဝတစ်ခုကို ရောက်လာကတည်းက သာယာတပ်ငြိစိတ်က ပါလာပြီးသား။ မွေးဖွားပြီး လူမှန်းသိတတ်ပြီဆိုတော့ အဲဒီအသိထဲကို ထည့်ပေးတာ (ဝါ) သင်ကြားပေးတာ မှန်သမျှဟာလည်း ပညတ်တွေ...။ ပညတ်စွဲကြီးခဲ့သူတွေက ပညတ်ပဲ သင်ပေးနိုင်တာပေါ့ အမေ။

ဒါက ကြက်သား...ချိုတယ်။

ဒါက ငရုတ်...စပ်တယ်။

ဒါပေမဲ့ လူတွေဟာ ချိုတာစားပြီး ကြက်ကို စွဲသွားတယ်။ ချိုတယ် ဆိုတဲ့ သဘောသတ္တိ အရည်အချင်းကို အသုံးမပြုဘဲ ကြက်ကို စွဲသွားရှာကြတယ်။ ကြက်သားကြိုက်တဲ့စိတ်က ကြက်အစွဲကို ပိုပြီး ခိုင်မာစေခဲ့ပြန်ပါတယ်။ ချိုတာကို မေ့ပြီး ကြက်ဆိုတဲ့ အသိပဲ ရှိတော့တယ်။ အဲဒီမှာ ကြက်ကြိုက် ကြက်စွဲ ကြက်သိတွေ ဖြစ်လာပါရောတဲ့။ ဆရာတော်ဘုရားကြီးက ...

'ကြက်ကြိုက် ကြက်စွဲ ကြက်ထဲ ရောက်လိမ့်မယ်ဗျား၊ နောက်တစ်ဘဝဆိုတာ အစွဲပို့ဆောင်ရာ သွားရတာဗျ၊ ကြက်စွဲ စွဲလို့ကတော့ ကြက်ထဲ ရောက်ဖို့ မလွဲပါဘူး' လို့ သတိပေးခဲ့တာပေါ့။

www.dhammaransi.com



အဲဒီလိုပဲ၊ သံပရာသီးလို့ အသံကြားလိုက်တာနဲ့ မစားရသေးခင် သွားရည်ယိုနေတာလည်း အရင်စားဖူးတဲ့ ချဉ်တယ်ဆိုတဲ့ အစွဲက လှုံ့ဆော်ပေးနေတာ၊ မစားခင် ချဉ်နေတာက အစွဲကြောင့်...။ အဲဒီ အစွဲတွေက တစ်ဘဝလုံး နာခဲ့လှပါပြီ။ ကြိုက်အာရုံ၊ မကြိုက်အာရုံတွေမှာ အချစ် အမုန်း အစွဲအငြိတွေ များခဲ့လှပါပြီ။ ပွားသထက် ပွားလို့သာ လာပါတော့တယ်။

လူမှန်းသိပြီဆိုတာနဲ့ '**အမေ့ရဲ့ ပညတ်သင်ပုန်းကြီး**' ကို စတင်သင်ကြားရတာပါ။

'ဒါ ကြက်သား၊ ချိုတယ်၊ ကောင်းတယ်...စား...စား'

ဆိုပြီးတော့...

အဲဒီမှာ ကြက်သားစားချင်လို့ ကြက်ဖိုး ငွေရှာရတဲ့ ဒုက္ခ၊ ချက်ရ ပြုတ်ရတဲ့ ဒုက္ခတွေကိုလည်း ဒုက္ခမှန်းမသိတော့ဘူး၊ ကြက်သားဟင်း ဆိုတဲ့ အစွဲ သမုဒယက ဖုံးလွှမ်းထားလိုက်ပြီ။

ဈေးထဲက ကြက်က ကြက်သတ်သမား သတ်လို့ သေပြီးနှင့်ပါပြီ၊ ကြက်ဆိုတာ မရှိတော့ပါဘူး။ ဘဝပြောင်းသွားပါပြီ။ ဒါပေမဲ့ ကြက်စွဲ စွဲနေတဲ့လူက သေပြီးသား ကြက်ကို အသက်သွင်းပြီး ဝယ်လာခဲ့ကြတယ်။ အသားတုံးပြန်တော့ ကြက်သားတုံးကြီးဆိုတဲ့ စွဲစိတ်နဲ့ပဲ တုံးကြ တစ်ကြတယ်။ ကြက် မဟုတ်တော့တာကို ကြက်လုပ်ပြီး သတ်နေကြတယ်တဲ့ အမေ။

'**ကြက်သတ်သမားက တစ်ကြိမ်သာ သတ်လိုက်ရပေမယ့် ဒို့ဒကာ ဒကာမတွေက အကြိမ်ကြိမ် သတ်နေကြပါလား**' လို့ ဆရာတော်ဘုရားက လေးလေးနက်နက် ထောက်ပြပါတယ်။

www.dhammaransi.com



စားတဲ့လူကလည်း ကြက်စိတ်နဲ့ စားပြီး ကြက်သားဟင်း ကောင်းတယ် စွဲပြန်ပါလေရော။ ကြက်စွဲ, စွဲပြီး ကြက်ထဲ ရောက်သွားခဲ့ပါသော်... အဲဒါ ကြက်က ဒုက္ခပေးတာ မဟုတ်ဘူးနော်၊ အစွဲက ဒုက္ခပေးတာ။ ကြက်က လာခေါ်တာ ဟုတ်ဘူး၊ ဒို့အစွဲတွေက ကြက်နောက် လိုက်သွားတာလို့ ဆရာတော်ဘုရားကြီးက ရိုးရိုးရှင်းရှင်းနဲ့ ဉာဏ်အလင်းရအောင် ဟောပါတယ်အမေ။

ဒါဟာ 'အစားကိစ္စ' တစ်ခုအပေါ်မှာ မီးမောင်းထိုးပြတာနော်။

သွားခြင်း၊ နားခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ တိုက်ခိုက်ခြင်း၊ အုပ်ချုပ်ခြင်း၊ ဆက်ဆံခြင်း၊ ကိုးကွယ်ခြင်း စတဲ့ အမှုကိစ္စပေါင်း များစွာမှာ အစွဲပေါင်း ဘယ်လောက် များလိုက်လေမလဲ အမေရယ်။ ဒီအစွဲတွေနဲ့ သေလို့ကတော့ ဘယ်လိုမှ အသေမလှနိုင်။

အသေမလှတဲ့ ဘဝများမှာအစွဲပို့ဆောင်ရာ သွားရောက်ပြီး ကြွေးဆပ်ကြရပါဦးမယ်။ အာရုံခံစားစဉ်က အစွဲမကင်းခဲ့လို့ ကြွေးမကင်းတဲ့ဘဝဆီ သွားရပါဦးမယ်။ အစား ဥပမာနဲ့ ပြောရရင် ကြက်ကြိုက်ကြက်စွဲ ကြက်ကြွေးတင်ပြီး ကြက်ဇာတ်ထဲ ဝင်ရဦးမယ်တဲ့။

ဒါဖြင့် လူ့ဘဝ ရလာတဲ့ ကုသိုလ်ကံ အခွင့်အရေးတွေကို ဘာမှ မခံစားရတော့ဘူးလားလို့ မေးစရာရှိပါတယ်။ ဆရာတော်ဘုရားကြီးက မပိတ်ပင်ပါ၊ မတားမြစ်ပါ။

လူ့ဘဝ လူ့အာရုံတွေကို သုံးသာသုံးပါ၊ မစွဲပါနဲ့တဲ့။ အသုံးနောက် အစွဲမပါစေနဲ့တဲ့။ အသုံးနဲ့ အစွဲကြားမှာ မမေ့မလျော့ မပေါ့မဆခြင်း ဆိုတဲ့ သတိတစ်လုံး ခြားပေးထားပါတဲ့ အမေ။

www.dhammaransi.com



ကြက်သားစားတဲ့အခါ ချိုတာကို စားပါ၊ သုံးပါ။ ကြက်ကို မစွဲပါနဲ့။

ငရုတ်သီး စားတဲ့အခါ စပ်တာကိုစားပါ၊ ငရုတ်သီး မစွဲမိပါစေနှင့်။

ပညတ်စွဲ တစ်ချက်ဖုံးလိုက်တာနဲ့ ပရမတ်အမှန်ဟာ တစ်ချက်ငုပ်လျှိုးသွားရမှာပါပဲ။ ပညတ်စွဲတွေနဲ့ အနေကြလာတော့ ဒီပညတ်စွဲတွေပဲ အမှန်တရားလိုလို ထင်ယောင်ထင်မှား ဖြစ်လာကြပြီး ပရမတ်သဘောအမှန်ဆိုတာကတော့ မေ့ပျောက်ခြင်း ခံနေရပါပြီ။

တကယ်ဆိုတော့ပညတ်စွဲ ပညတ်သိ ဆိုတာ ငှက်ပျောသီးရဲ့အခွံလိုသာ၊ ပရမတ်သဘောအနှစ်က ငှက်ပျောသီးရဲ့ အတွင်းသား၊ ခုတော့ လူတွေဟာ ငှက်ပျောသီးကို အခွံပါ ဝါးစားနေကြပြီလို့ ဆရာတော်ဘုရားကြီးက ကရုဏာကြီးစွာ ညွှန်ပြပါတယ်။ အဲဒါဟာ အာရုံခံစားစဉ်မှာ ကိုယ့်ဘက် မခံစားဘဲ သူ့ဘက်လိုက် ခံစားလို့။ အထူးသဖြင့် လူတွေနဲ့ မကင်းနိုင်ပါဘူးဆိုတဲ့ အချစ်ကိစ္စမျိုးမှာ ပိုပြီး ပေါ်လွင်ထင်ရှားပါတယ်။ တစ်ချိန်လုံး ချစ်သူဆီ စိတ်ရောက်နေတယ် ဆိုတာမျိုး၊ ကိုယ့်စိတ်က ကိုယ့်ဆီမှာ မနေတော့ဘူး၊ သူ့ကို ကြိုက်တော့ သူ့ဘက်လိုက် ခံစားမိပြီးကိုး။

အာရုံတစ်ခု တစ်ကြိမ်သာယာမိရင် ပြိတ္တာဘဝ တစ်ဘဝ

အာရုံတစ်ခု တစ်ကြိမ်မသိဘဲ ခံစားမိရင် တိရစ္ဆာန်ဘဝ တစ်ဘဝ

အဲဒီလို **စေတနာတစ်ခု၊ မျိုးစေ့တစ်ခု တစ်ဘဝကျစီ**နဲ့ တွက်ဆမယ်ဆိုရင် တစ်နေ့တစ်နေ့မှာပင် ပြစ်မှုပေါင်းများစွာ၊ ပြစ်ဒဏ်ပေါင်းများစွာ ခံစားရမည်ကို သတိရှိပါလို့ ဆရာတော်ဘုရားကြီးက သတိပေးပါတယ် အမေ။

www.dhammaransi.com



အဲဒီတော့ ဘဝရဲ့နေခြင်းမှာ အပြစ်ကင်း၊ အကြွေးကင်းတဲ့ အာရုံခံစားနည်းဆိုတာ လက်ငင်းငွေချေစနစ် ကျင့်သုံးသလို လုပ်ရတယ်တဲ့။

ဓာတ်ခံပေါ်မှာ မင်းသမီး က,တာ မြင်တယ်။ မြင်တဲ့ ကိစ္စ ဓာတ်ခံပေါ်မှာပဲ ပြီးဆုံးစေရမယ်။ ကားလိပ်ချလို့ ပွဲသိမ်းသွားတာတောင် မင်းသမီး က,တာ မျက်လုံးထဲ စွဲကျန်နေခဲ့ပါတယ်ဆိုရင် ဒါဟာ စွဲစိတ်နဲ့ အာရုံခံစားတာ။ မင်းသမီးဘက် လိုက်ပြီး ခံစားလို့ မင်းသမီးကြွေး တင်တာ၊ သတိရှိတဲ့ အာရုံခံစားနည်းမှာတော့ မင်းသမီး က,တာ မြင်ရင် မြင်ဆဲခဏ မြင်တယ်ဆိုတဲ့ အမှတ်ကလေးပဲ ရှိလိမ့်မယ်။ မင်းသမီး က,ပြီးတာနဲ့ မြင်တဲ့ ကိစ္စလည်း ပြီးပြီ။ မင်းသမီးကို ဓာတ်ခံပေါ်မှာပဲ ထားခဲ့တယ်။ မျက်လုံးထဲ စွဲကျန်နေလို့ အိမ်ကို လိုက်ပါလာတာမျိုး မရှိတော့ပါဘူး။

အဲဒီလိုပါပဲ အမေရယ်...

ကြားတဲ့ နေရာမှာလည်း ကြားတာနဲ့ သိတာ ကြားသိစိတ်မှာတွင် ပြီးစေရမယ်။ နံတာ၊ စားတာ၊ ထိတွေ့ရာမှာလည်း ဒီလိုပါပဲ။ မြင်တာကို စွဲနေရင် မြင်တဲ့အကြွေး၊ ကြားတဲ့အသံကို စွဲနေရင် ကြားတဲ့အကြွေး၊ ဘဝတစ်ခုလုံး အကြွေးတွေ ဗရပွနဲ့ ဘယ်မှာ ချမ်းသာကြပါ့မလဲ။ အကြွေးမကင်း အပြစ်မကင်းတဲ့လူတွေကို လူချမ်းသာလို့ ခေါ်နိုင်ပါဦးမလား။

ကာမ ကုသိုလ်ကြောင့် ရလာတဲ့ လူ့ဘဝမှာ အတိတ်ရိက္ခာထုပ်ကို ဖြည်ပြီး အာရုံခံစားတဲ့အခါ သတိလက်လွတ် အာရုံခံစားရင် ကြွေးသစ်ယူပြီး စားသုံးနေတာနဲ့ တူပါတယ်။ မှတ်စိတ် သတိကလေးနဲ့ အာရုံခံစားတာမျိုးကတော့ ရစရာရှိတဲ့ ကြွေးဟောင်းကို လက်ခံစားသုံး

www.dhammaransi.com



နေတာနဲ့ တူပါတယ်။ ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက **ကြွေးဟောင်း တစ်ကျပ် ဆပ်ပြီး ကြွေးသစ် တစ်ရာ ထပ်မယူသင့်တော့ပါ။ ကြွေး ဟောင်း တစ်ရာကို လက်ခံစားသုံးပြီး ကြွေးသစ် တစ်ထောင်ကိုလည်း ဖယ်ရှားထားခဲ့ပါလို့** ဆုံးမ လမ်းညွှန်တော်မူပါတယ် အမေ။

ဘဝဆိုတာ...

အာရုံကို မေ့မေ့မျောမျော ခံစားနေသူများအတွက်တော့ အပြစ် စုဆောင်းသိုမှီးရာ ဂိုဒေါင်ကြီးတွေ ဖြစ်ပြီး သတိအသိရှိနေသူများ အ တွက်တော့ 'အပြစ် သန့်စင်ရာ' ဓာတ်ခွဲခန်းများပါပဲတဲ့ အမေ။

**အညွှန်း။** ။ စရိယာဒါသကထာ (လက်နှိပ်စက်မူ)
၁၆-၃-၉၇ သာစည်တရားပွဲ၊ ၁၇-၃-၉၇ ရမည်းသင်းတရားပွဲ။

www.dhammaransi.com

# အမေနှင့် လူသိ လူသက်

အမေ …

အိပ်ရာဝင် ညအချိန်ဖြစ်စေ၊ အိပ်ရာထ နံနက်အချိန်ဖြစ်စေ ဗုဒ္ဓဘာသာဝင်တွေဟာ ဘုရားရှိခိုးရမယ်ဆိုတဲ့ အသိကလေးလောက်တော့ ရှိနေပါသေးတယ်။ ဒါပေမဲ့ အဲဒီတန်ဖိုးရှိတဲ့ အသိကလေးဟာလည်း 'ကြက်သားစား ချိုတယ်' ဆိုတဲ့ ပညတ်သိ၊ သညာသိ၊ သင်ပုန်းကြီး ဖတ်စာ အသိမျိုးနဲ့ ရောနေတတ်ပါတယ်တဲ့။ ဆိုလိုတာကတော့ အမေရယ်၊ ဘုရားရှိခိုးတဲ့ အချိန်မှာတောင် လူတွေဟာ သတိလက်လွတ်နိုင်လှတယ်။ စိတ်နဲ့ ကိုယ် မကပ်ဘူး။ လူက ဘုရားရှင်ဆီ လက်အုပ်ချီထားပေမယ့် စိတ်က သွားချင်ရာ သွားနေတယ်၊ အထူးသဖြင့်တော့ စွဲလမ်းခံစားဖူးရာ အာရုံတွေဆီ စိတ်ဟာ ပြေးလွှားနေတတ်ပါတယ်။

ဘုရားရှိခိုးနေချိန်မှာတောင် စိတ်ဟာ ဘုရားဆီမှာ စူးစူးစိုက်စိုက် တန်းတန်းမတ်မတ် မရောက်ရှိ၊ သားဆီရောက်၊ မယားဆီရောက်၊ စီးပွားရေးအာရုံတွေဆီ ရောက်လိုရောက်၊ မချစ်မနှစ်သက်သောသူတွေ

www.dhammaransi.com



ဆီ ရောက်လိုရောက်နဲ့ စိတ်ကလေး ယောက်ယက်ခတ်နေပါတယ်။ စိတ်ဟာ ကိုယ်မှာမကပ်ပြေးလွှားနေတယ်ဆိုတာကိုလည်း သတိထားကြည့်မှ မြင်နိုင်တာမျိုး ဖြစ်ပါတယ်။

အဲဒီတော့ လူကသာ ဘုရားရှိခိုးနေတယ်၊ စိတ်က ဘုရားဆီမှာ မရှိဘူး။ လူတွေဟာ ကိုယ်ဘာလုပ်လို့ လုပ်နေမှန်း မသိဘူးဆိုတာ အဲဒါမျိုးကို ဆိုလိုတာပါ။ ဘုန်းကြီး ဆွမ်းလောင်းချိန်ခဏကလေးအတွင်းမှာလည်း ဒီလိုပါပဲ။ သပိတ်ထဲသာ ဆွမ်းရောက်သွားတယ်၊ စိတ်က သံဃာ့ဂုဏ်ဆီ မရောက်ဘဲ ရောက်ချင်ရာ ရောက်နေတတ်ပါတယ်။ ဝါရင့် ပုတီးသမားကြီးတွေတောင်မှ ပုတီးပတ်ရေမမှန်တာ အဲဒီပြေးလွှားနေတဲ့ စိတ်ကို မထိန်းကျောင်းနိုင်ခဲ့လို့ပါပဲ။ ရိပ်သာသွားပြီး ကမ္မဋ္ဌာန်းထိုင်ပေမယ့် တရားမရခဲ့တာ အဲဒီစိတ်ကြောင့်ပါပဲ။

အမေ ...

ဘဝသက်တမ်း တစ်လျှောက်လုံးမှာ လူတွေဟာ ကိုယ့်စိတ်နဲ့ ကိုယ် နေခဲ့ရတဲ့အချိန်ရယ်လို့ မရှိသလောက်ပါပဲ။ သားစိတ်၊ မယားစိတ်၊ ငွေစိတ် ကြေးစိတ်၊ မုန်းသူတွေရဲ့ စိတ်နဲ့သာ အချိန်ကုန်လွန်သွားရှာပါတယ်။ ကိုယ့်စိတ်နဲ့ ကိုယ် မနေနိုင်ရင် **'ကိုယ်ပိုင်အသိ'** ရယ်လို့လည်း မှတ်မှတ်သားသား မဖြစ်ပေါ်နိုင်ဘူးလို့ ဆိုပါတယ်။ လူ တစ်ယောက်အနေနဲ့ ကိုယ်ပိုင်အသိနဲ့ သိနေမှသာ 'လူသိ သိ'နေတယ်လို့ ဆိုပါတယ်။

ကိုယ်ပိုင်အသိနဲ့ လူသိ သိနေခြင်းဆိုတာ ကိုယ်လုပ်တဲ့ အလုပ်ပေါ်မှာ 'မှတ်စိတ်သတိ' ကပ်ပါနေတာကို ရည်ညွှန်းပါတယ်။ မြင်ရင် မြင်တယ် မြင်မှန်းသိ၊ ကြားရင် ကြားတယ် ကြားမှန်းသိ...အာရုံခံစား

www.dhammaransi.com



မှုတိုင်းမှာ သတိကလေး ကပ်ပါနေတာကို ဆိုလိုပါတယ်။ ဒါပေမဲ့ ဒီလို မြင်… မြင်တယ်၊ ကြား… ကြားတယ် မှတ်နေရတာကြီးက ရယ်စရာ ဖြစ်နေမလား၊ အလုပ်လုပ်နေရင်း ဆိုတော့ အဲဒီလိုမှတ်လို့ကော ရပါ့ မလားလို့ မေးသူတွေက မေးကြပါတယ်။ ဒါကတော့ လုပ်မကြည့် သေးဘဲနဲ့ ဘယ်သိနိုင်ပါ့မလဲ နော်။ ဘာမဆို အလေ့အကျင့်က စ ရ တာချည်းပါပဲ။ လေ့ကျင့်ပါ များတော့ ဝါသနာဖြစ်လာမယ်၊ ဝါသနာ ကနေ ပါရမီရင့်ကျက်လာတဲ့ထိ ဒီလိုပဲ ကျင့်ယူရတာပါ။

အာရုံခံစားမှုနဲ့ မှတ်စိတ်သတိကြားမှာက မောဟအဝိဇ္ဇာကြီးက ခြားထားနှင့်တယ်လေ။ အဲဒီ မောဟ၊ အဲဒီ အဝိဇ္ဇာရဲ့ နေရာမှာ သတိက ဝင်ရောက် နေရာယူရမှာပါ။ အာရုံဆိုတဲ့ ဆွဲအား၊ တိုက်အားတွေက လည်း ပြင်းတယ်၊ စိတ်ကလည်း ပြေးချင်ရာ ပြေးနေတယ်ဆိုတော့ ဒီနှစ်ခုကြား မှတ်စိတ်သတိကလေး ဝင်ဖို့ရာ အလေ့အကျင့် များများ မလုပ်ရင် ခက်တာပေါ့ အမေ၊ အာရုံရဲ့ ဆွဲအား တိုက်အားတွေနောက် စိတ်ရောက်သွားပြီ။

အာရုံတွေရဲ့ ဆွဲအား တိုက်အားက လွတ်အောင် အာရုံငါးပါးနဲ့ ဝေးရာ ရိပ်သာသွားပြီး တရားထိုင်နေပါမှ မြင်ဖူး၊ စားဖူး၊ ကြားဖူး၊ နံ ဖူး၊ ထိတွေ့ဖူးတဲ့ အာရုံတွေက ပြန်ပြန်ပေါ်လာ ပြန်ပြန် ထကြွစေတဲ့ အထိ အာရုံရဲ့ တိုက်အား ဆွဲအားတွေက ပြင်းထန်လှပါတယ်။ စိတ် ကလည်း ငြိမ်အောင် ကြိုးစားလေ ပြေးလွှားလေ အာရုံခံစားမှုအသစ် ကို မရတော့ အဟောင်းတွေဆီပဲ တဝဲလည်လည် ပြန်ပါလေရော။

စိတ်ဆိုတာ 'အဆန်းကြိုက်' အမေ…။

အာရုံဆန်းတွေနောက် ငမ်းငမ်းတက် တန်းလန်းစွဲ လိုက်ခဲ့တဲ့

www.dhammaransi.com



စိတ်ဟာ တစ်ခါလာ ဝင်တယ်၊ ထွက်တယ်နဲ့ စိတ်ငြိမ်အောင် ဝင်လေ ထွက်လေ မှတ်ပေးရတာမျိုးကို စိတ်က သည်းမခံနိုင်တော့ဘူး။ ရိုးရိုးကြီး ငြိမ်ငြိမ်ကြီး လုပ်နေရတာကို စိတ်က မကြိုက်တော့ဘူး။ သူ ပြေးချင်ရာ ပြေးဆော့နေရမှ ဆိုတော့ ဒီရုပ်ကိုယ်ကောင်ကြီးကလည်း စိတ်သွားတဲ့နောက်သာ လိုက်ပါနေချင်ခဲ့တော့တယ်။

အဲဒီတော့ အမှတ်မိ အသိဝင်လာဖို့ မသိမောဟကြီးက အမြဲပိတ်ဆို့နေလျက်သား၊ ဘဝတစ်သက်တာနဲ့ တစ်နေ့တစ်ရက်တာကို မဆိုထားပါနဲ့၊ 'ကျင့်ချိန် တစ်နာရီ' ကိုပဲ ကြည့်လိုက်ကြပါစို့။ ကျင့်ချိန် တစ်နာရီမှာ ဝင်လေ ထွက်လေကို မှတ်နေတယ်ဆိုပါစို့။ ဝင်နေမှန်း ထွက်နေမှန်း တစ်နာရီအချိန်ပြည့် မသိခဲ့ကြပါအမေ။ ကျင့်ချိန် တစ်နာရီမှာ ၁၅ မိနစ်မျှသာ အမှတ်မိ အသိရှိနေတယ်ဆိုရင် မိမိကိုယ်ပိုင်အသိ၊ ကိုယ်ပိုင် ကိုယ်ရလိုက်တဲ့အချိန်ဟာလည်း ၁၅ မိနစ်စာပဲ ရှိပါတယ်တဲ့။ အဲဒါကြောင့် လူ့အသက် တစ်နာရီမှာ လူ့အသိကတော့ ၁၅ မိနစ်ပဲ ရှိတယ်လို့ ဆိုနိုင်ပါတယ်။

ဒါကြောင့် တစ်နေ့မှ တစ်နာရီသာ ကျင့်ချိန်ရှိတဲ့ လူတစ်ယောက်ရဲ့ လူသက် (ဝါ) လူသိ, သိပြီး အသက်ရှင်နေရတဲ့အချိန်ဟာ ၁၅ မိနစ်ပဲ ရှိပါတယ်ဆိုရင် သူ့ရဲ့ 'လူသိ၊ လူသက်' တွေကို တွက်ကြည့်လိုက်တဲ့အခါ လေးရက်ကြာမှ တစ်နာရီပဲ ရမယ်အမေ။ တစ်လလုံးလုံးကြာမှ မှတ်စိတ် အသိ သတိရှိတဲ့အချိန်ဟာ (ခုနစ်နာရီခွဲ) ပဲ ရှိပါလိမ့်မယ်။ တစ်နှစ်လုံး တွက်ကြည့်ပါမှ နာရီပေါင်း ၁၂၀ ရတယ်အမေ။ အဲဒီ နာရီပေါင်း တစ်ရာ့နှစ်ဆယ်ဆိုတာ 'ငါးရက်မျှသာ' ရှိတာ မဟုတ်ပါလား။

www.dhammaransi.com



ဒါ့ကြောင့် တစ်နှစ်လုံး အသက်ရှင်နေထိုင်လာသူရဲ့ လူသက်လူသိဟာ ငါးရက်ပဲ ရှိတယ်လို့ ဆရာတော်ဘုရားကြီးက လေးလေးနက်နက် ထောက်ပြပါတယ် အမေ။

ဒါ့ကြောင့် အသက်ငါးဆယ်ရှိတဲ့ လူတစ်ယောက်ဟာ တစ်နှစ်မှာ လူသိ,သိတဲ့ ငါးရက်နှုန်းနဲ့ တွက်ကြည့်ရင် သူ့ရဲ့ လူသက် အသိရှိနေတဲ့ အချိန်ပေါင်းဟာ ၁၀ ရက်မျှသာ ရှိပါသေးတယ်။ ဆယ်ရက်သားလေးဆိုတော့ ဒါဟာ သွေးနုသားနု မီးတွင်းသားကလေးအဆင့်ပေါ့ အမေ။ ဆရာတော်ကြီး ပြောတဲ့ လူသိ၊ ကိုယ်ပိုင်သိဆိုတာ အမှတ်သတိရှိနေတဲ့ သတိမလွတ်တဲ့အသိတွေကို ရည်ညွှန်းနေတာ အမေ။ သူပြောသိ၊ ငါပြောသိ၊ ပညတ်သိ၊ သညာသိ၊ သင်ပုန်းကြီး ဖတ်စာအသိမျိုးကို မဆိုလိုပါဘူး။

အဲဒီလို တစ်နေ့ ၁၅ မိနစ်လောက်သာ အမှတ်သတိ ရှိနေသူရဲ့ အသက် ၆၀ လောက် ရောက်တာတောင်မှ အသိပမာဏအားဖြင့် မီးတွင်းက မလွတ်သေးတဲ့ သွေးနုသားနု အဆင့်ပဲ ရှိသေးတယ်လို့ ဆိုနိုင်တာပေါ့ အမေ။ အဲ...အသက် ရှစ်ဆယ်လောက် ရောက်ပြီဆိုပါမှ သူ့ရဲ့ လူသက်ဟာ ရက်ပေါင်းလေးဆယ်မျှသာ ရှိနေသေးတာ တွေ့ရပါလိမ့်မယ်။

ဒီတော့ အသက်ရှစ်ဆယ်မှာ ဘဝသက်တမ်းလည်း ကုန်ဆုံးသွားပြီ။ လူ့ဘဝကို အသက်ရှစ်ဆယ်လောက်သာ နေသွားတော့ လူသိသတိရှိချိန်များကို တွက်စစ်ကြည့်လိုက်တော့ ရက်ပေါင်းလေးဆယ်တည်း ရသွားရှာတယ်။ 'မီးတွင်းကလေးဘဝဖြင့်ပင် ဆုံးပါးရချေပြီ' လို့ ဆရာတော်ဘုရားကြီးက ကရုဏာကြီးစွာ ထောက်ပြပါတယ်။ ဒါ

www.dhammaransi.com



တောင် တစ်နေ့ တစ်နာရီကျင့်ချိန်ရှိမှနော်။ လုံးလုံး ကျင့်မသွားသူတွေ အတွက်ကား ဆိုဖွယ်ရာ မရှိပြီ။

လူဟာ 'မသိမှော'ကြီးနဲ့ မေ့မေ့ကြီး နေရတာကို ကြာတယ်လို့ မထင်တတ်ဘူးအမေ၊ အဲဒါကြောင့် အသက်တစ်ရာလောက် နေရလည်း မေ့မေ့ကြီးနဲ့ နေသွားသူတွေဟာ ကြာတယ်မထင်ဘူး။ သတိနဲ့ နေထိုင်ဖို့ ကြိုးစားတဲ့ တစ်နာရီ တရားထိုင်တာကျတော့ ကြာတယ်လို့ ထင်တတ်ကြပါလေရော။ . .

ဒီသဘောကို ကလေးဘဝကတည်းကပင် ပြောပြခဲ့တာပါ အမေ။

စာသင်ချိန်တစ်နာရီကို ကြာတယ်ထင်တာ သိတဲ့အလုပ် လုပ်နေရလို့။

ကစားချိန် တစ်နာရီ ဘာမှ မကြာလိုက်ဘူးထင်တာ မသိဘဲ မေ့မှောနေလို့။

အိပ်ချိန် တစ်ညလုံး ဘာမှကြာတယ် မထင်တာ မသိစိတ် လုံးလုံး ဖုံးလွှမ်းနေလို့။

ကြီးလာတော့လည်း အမေရယ် . . .

တစ်ညလုံး မိုးလင်းပွဲကြည့်နေတယ်၊ ကြာတယ်မထင်ဘူး။

အာရုံငါးပါး ခံစားရာမှာ မေ့မေ့မှောမှောကြီး လိုက်ပါနေလို့။

တစ်နာရီတရားထိုင်တယ်၊ ကြာလိုက်တာ၊ အမှတ်သတိ ရှိရှိနဲ့ သိအောင် ကြိုးစားနေလို့။

မသိခြင်း၊ မေ့မှောခြင်းဟာ အချိန်ရဲ့ တန်ဖိုးကို ပြောင်းပြန်ဖြစ်သွားစေတော့တယ်။ လူတွေရဲ့ဘဝဂတိ သွားရာ၊ လားရာလမ်းကြောင်းဟာလည်း ဇောက်ထိုးပြောင်းပြန်ဖြစ်သွားစေတော့တယ်။ အထက်ဘဝ

www.dhammaransi.com



အထက်ဘုံတွေဆီ တက်လှမ်းချင် တက်လှမ်း၊ နိဗ္ဗာန်နန်းကို ဝင်ချင် ဝင်၊ အဲဒီမြင့်ရာမြတ်ရာ အထက်လမ်းတွေကနေ အောက်လမ်းကို စုန်၊ အောက်ဘုံ အပါယ်ရွာတွေဆီ ဦးတည်နေကြသတဲ့ အမေရယ်။

အဲဒါကြောင့် ဆရာတော်ဘုရားကြီးက ရတောင့်ရခဲ ရှားရှားပါးပါး ရလာတဲ့ လူ့ဘဝဆိုတဲ့ ပြည်တန်တဲ့ ပတ္တမြား ပဲလှော်နဲ့ လဲမစားပါနဲ့၊ အမွေရတဲ့ ရွှေငွေတွေ ဖဲပေါင်ရိုက်သလို မဖြစ်ပါစေနဲ့လို့ အမြဲ သတိပေးဆုံးမလေ့ရှိပါတယ် အမေ ...။

**အညွှန်း။**

* ၁၃၅၉ ခု၊ နယုန်လဆန်း ၅ ရက်၊ နတ်တလူတောရတရားပွဲ။
* ပမာဒါ ပမာဒ ဒွေဘာဂိယ ကထာ (လက်နှိပ်စက်မှု)။

www.dhammaransi.com

# အမေ့အတွက် မမေ့တရား

အဲဒီတော့ အမေရေ...

အာရုံခံစားမှုနောက်မှာ (ဝါ) ဘာလုပ်လုပ် မှတ်စိတ် သတိရှိနေပါစေဆိုတာ တကယ်အလေ့အကျင့် လုပ်ယူလာရင် မဖြစ်နိုင်ကောင်းတဲ့ အရာမဟုတ်ပါဘူး။ သတိနောက်မှာ 'သိစိတ်'က အမြဲပါနေပြီးသားပါ။ အဲဒီလို အမှတ်သတိနဲ့ သိနေတာမှန်သမျှဟာ ပညာသိ၊ ပရမတ်သိ၊ ဝိဇ္ဇာသိ ချည်းပဲတဲ့ အမေ။

လူတစ်ဦးချင်း ဉာဏ်အနုအရင့်တော့ ကွာတာပ၊ မှတ်အား အနုအရင့်ကို လိုက်ပြီး သိအား အနုအရင့်လည်း ကွာသွားပါတယ်။ ဒါပေမဲ့ မှတ်လို့ မရဘူးလားဆိုတော့ လူတိုင်း မှတ်လို့ရတဲ့အလုပ်ပါ အမေ။ ထွေလီကာလာတွေတောင် လုပ်နိုင်နေမှ ဒီမှတ်တဲ့အလုပ်ကလေးကို ဘာလို့ မလုပ်နိုင်ရမှာလဲ အမေ။

ဘုရားရှင် ရွှေလက်ထက်တော်က သာဝတ္ထိရွှေပြည်မှာ လူဦးရေ တစ်ကုဋေရှိရာ လူဦးရေ ခုနစ်သန်းကျော်ဟာ အရိယာတွေချည်းပဲတဲ့

www.dhammaransi.com



အမေရယ်။ အရိယာဆိုတာ အပါယ်လေးဘုံ ဘယ်တော့မှ အောက်ကို မစုန်တော့ဘူး။ နိဗ္ဗာန်စံဝင်ရမယ့်သူတွေချည်း။ သူတို့အားလုံး အဲဒီသာဝတ္ထိပြည်သူ ခုနစ်သန်းကျော်ဟာ ရဟန်းဝတ်တွေ မဟုတ်ကြပါ။ ဒီနေ့ခေတ်လိုပဲ အိမ်ရာထူထောင် လင်ယူသားမွေး လုပ်နေခဲ့ကြတာပါပဲ။ ဒါပေမဲ့ ငယ်ငယ်ရွယ်ရွယ် အသက်ခုနစ်နှစ်နဲ့ သောတာပန် တည်သွားတဲ့ ကလေးတွေလည်း ရှိတယ်၊ ၁၂ နှစ် ၁၃ နှစ်မှာ သောတာပန်တည်သွားကြတာလည်း ရှိတယ်။ အသက်ကြီးလို့ လင်ယူသားမွေးပြီးခါမှ အရိယာဇာတ်ထဲ ရောက်လာသူတွေလည်း ရှိပါတယ်။

အဲဒါ ဘာကြောင့်လဲ...။

အာရုံခံစားမှုနောက်မှာ သတိရှိနေကြလို့၊ ဘာလုပ်လုပ် မှတ်စိတ်အသိကလေး ကပ်ပြီး လုပ်နေကြလို့၊ လယ်ထွန်ယောက်ျားကလည်း ထွန်ရင် ထွန်တယ်ဆိုတဲ့ အမှတ်သတိကလေး ရှိနေတယ်။ ထမင်းချက်တဲ့ အိမ်ရှင်မကလည်း ထမင်းချက်ရင် ချက်တယ်ဆိုတဲ့ မှတ်ချက်ကလေး ကပ်ပါနေတယ်။ ယုတ်စွအဆုံး ကျင်ကြီးကျင်ငယ် စွန့်တာတောင် အမှတ်သတိမလွတ်ဘူးတဲ့ အမေ။ လူ့ကိစ္စမှန်သမျှ နောက်မှာ အမှတ်သတိ အမြဲရှိနေကြပါတယ်။ အဲဒီလို အမှတ်သတိရှိနေခြင်းအားဖြင့်...

၁။ ကိလေသာတွေ မဝင်သာတော့ဘူး။

၂။ သိစရာ ရှိတာ အလိုလိုသိလာတယ်...

လို့ ဆရာတော်ဘုရားကြီးက ဖော်ထုတ်အသိပေးပါတယ်။

အလုပ်နှစ်ခုလည်း တစ်ပြိုင်တည်းပြီးတယ်လို့ ဆိုပါတယ်။

ပြောင်းရိုး စဉ်းစရာရှိတာတွေလည်း စဉ်းပြီးသား၊ ပြောင်းရိုး စဉ်း

www.dhammaransi.com



နေချိန်မှာပဲ မှတ်စိတ်ကလေးက တစ်ပြိုင်တည်း လိုက်ပေးနေလို့ အမှတဲ့ သတိလည်း ရှိပြီးသား၊ စိတ်က တပိုတပါးမသွားတော့ဘူး။ တရားဆိုတာ အဝေးကြီး သွားရှာနေရတာမဟုတ်၊ ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်တွေမှာပဲ အနီးကပ် ရှာရတာပါတဲ့ အမေ။

ဒါ့ကြောင့် တရားအလုပ် လွယ်သလားမေးရင် ငှက်ပျောသီး အခွံနွှာစားရတာထက် လွယ်ပါတယ်၊ ခက်သလားမေးရင် ဘဲဥ အစရှာရတာထက် ပိုခက်ပါတယ်လို့ ဆရာတော်ဘုရားကြီးက အဖြေပေးပါတယ်။ ဆိုလိုတာကတော့ မှတ်စိတ်သတိရှိနေရင် လွယ်တယ်၊ မောဟကြီးနေမယ်ဆိုရင် ခက်တယ်လို့ အဖြေပေးလိုက်ခြင်းပါပဲ။ တရားအလုပ်ဆိုတာ သတိနဲ့ ကိလေသာ နယ်လုတာပဲလို့လည်း ဆိုပါတယ်။

ဒါပေမဲ့ အမေရယ်...

ကိလေသာရဲ့ နယ်ပယ်သာ ကျယ်သထက် ကျယ်လာပြီး သိစိတ်ရဲ့ နယ်ပယ်ကတော့ မရှိတော့လောက်အောင် ကျဉ်းကျုံ့နေပါပြီ။

တိရစ္ဆာန် ဘဝပေါင်း တစ်ရာလောက် ရင်းပြီးမှ ရလာတဲ့ လူ့ဘဝဆိုတာ 'အခါကောင်း'၊ ဘုရားသာသနာပွင့်ထွန်းနေတယ်ဆိုတာက အခွင့်ကောင်း၊ အခွင့်ကောင်း ရနေဘုန်းမှာ အခါကောင်းကို အသုံးချတတ်ပါမှ လူ့ဘဝ ရောက်လာရကျိုး နပ်မယ်နော်တဲ့။ လူ့ဘဝ ရဖို့ ခက်တာထက် ဘုရားသာသနာတော်နဲ့ ကြုံဖို့က ပိုခက်ပါသတဲ့ အမေ။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာပေါင်း အသင်္ချေမှာ ဘုရားမပွင့်တဲ့ 'သုညကမ္ဘာ'တွေ ဆိုတာလည်း ပါနေတတ်သေးတာကိုး။

ဒီနေ့ ဂေါတမမြတ်စွာဘုရားရဲ့ သာသနာတော်အထိ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံးမှာမှ ဘုရားအဆူပေါင်း ၂၈ ဆူသာ ပွင့်နိုင်ခဲ့တာ

www.dhammaransi.com



ပါ။ ဤလောက် ရှည်လျားလှတဲ့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံးမှာ ဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူမျှသာ ပွင့်နိုင်ခဲ့တယ်ဆိုတာ အင်မတိ အင်မတန် နည်းလွန်းလှပါတယ်။ ရှားပါးလွန်းလှပါတယ်။ ဂေါတမ ရှင်တော်မြတ်ဘုရားသည်ပင်လျှင် အဲဒီ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံး ပါရမီ ဖြည့်ကျင့် စွန့်လွှတ် အနစ်နာခံပြီးမှ ဘုရားရယ်လို့ ဖြစ်ပွင့်တော်မူခဲ့တာ၊ ဘုရားရှင့် သာသနာတော် နှစ်ပေါင်း ငါးထောင်အတွင်းမှာ လူဖြစ်ခွင့် ကြုံလာလိုက်တာ ဘယ်လောက် ကံကောင်း ထောက်မသလဲ အမေရယ်။

ဒါပေမဲ့ အမေ…

ဘုရားရှင့်သာသနာက နှစ်ပေါင်း သုံးထောင်တွင်း ချဉ်းနင်း ဦးတည်နေပြီ။ သာသနာ တစ်ဝက်ကျော်ခဲ့ပြီ။ ဘုရားပွင့်စ သာသနာပွင့်စ အချိန်ကို နေထွက်စ အချိန်နဲ့ ဥပမာတင်စားမယ်ဆိုရင် သာသနာ ၂၅၀၀ ပြည့်တဲ့ တစ်ဝက်အချိန်ဟာ နေမွန်းတည့်ချိန်ပေါ့။ အခု နေစောင်းခဲ့ပြီ အမေ။ မှေမှေလျော့လျော့နဲ့ နေသူတွေအဖို့ မကြာခင် နေဝင်တာနဲ့ ကြုံရတော့မယ်။ သာသနာတော် ဆိတ်သုဉ်းတဲ့ တရားမဲ့ အမှောင်ခေတ်ကြီး မကျရောက်မီ ဒီဝဋ်ဒုက္ခတွေက လွတ်မြောက်အောင် ကြိုးစားကြစို့ အမေ။

ဒါ့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဘုရားရှင် ဟောတော်မူခဲ့တဲ့ 'အပ္ပမာဒ တရား' ကို အမြဲညွှန်ပြတော်မူပါတယ်။

၁။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါး(ဝါ) သရဏဂုံ သုံးပါး။

၂။ ဝယဓမ္မ သင်္ခါရလို့ ခေါ်တဲ့ အရွယ်အပိုင်းအခြားရဲ့ ပြောင်းလဲဖြစ်ပျက်နေပုံနဲ့ နောက်ဆုံး သေခြင်းတရားဆီ ဦးတည်နေပုံ။

www.dhammaransi.com



၃။ ဒုလ္လဘလို့ ခေါ်တဲ့ ရခဲတဲ့ ဘဝတွေပေါ့ အမေ...။

ဘုရားသာ မပွင့်ခဲ့ရင် တရားဆိုတာလည်း မရှိ၊ သံဃာဆိုတာလည်း မရှိနိုင်တော့ပြီ။ ဘုရားရှင့် ကိုယ်စားတော်အဖြစ် ထားရစ်ခဲ့တဲ့ သာသနာတော်အတွင်းမှာ မမေ့မလျော့ မပေါ့မဆတဲ့ သတိနဲ့ နေထိုင်ခြင်းဖြင့် 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ရယ်လို့ တရားတော်ကို ပူဇော်ရာ ရောက်တယ် ဆိုပါတယ်။ ဘုရား သားတော်များဖြစ်တဲ့ ရဟန်း သံဃာတော်များရဲ့ အဆုံးအမ ဩဝါဒများကို လိုက်နာကျင့်သုံးခြင်းအားဖြင့်လည်း ဘုရားဟော ဒုလ္လဘ တရားကြီးကို လိုလိုလားလား ဆောက်တည်ရာ ရောက်ပါတယ် အမေ။

တရိပ်ရိပ် တရွေ့ရွေ့ ဖြစ်ပျက်ပြောင်းလဲကာ သေခြင်းလျှင် နောက်ဆုံး ရှိတဲ့ ဘဝတစ်ခုရဲ့ ဖြစ်ပျက် ပြောင်းလဲ မမြဲပုံကို လူတွေ တွေ့ကြုံနေပါလျက်နဲ့ မျက်ကွယ်ပြု မေ့အားကြီးတတ်ကြပါတယ်။ ဒါကြောင့်သာ လူတွေဟာ နေဖို့သာ လုပ်နေကြတယ်၊ သေဖို့ မလုပ်ကြသေးဘူး (ဝါ) သေဖို့ မပြင်ဆင်ရသေးဘူးလို့ ဆရာတော်ဘုရားကြီး ထောက်ပြတာပေါ့ အမေ။ ကာမဂုဏ်အာရုံတွေနောက် ကောက်ကောက်ပါအောင် လိုက်ပါ မေ့မေ့မျော့မျော့ ခံစားရင်းက ဘဝဟာ ဖြုတ်ခနဲ သစ်ရွက်လို ကြွေသွားရတယ်။

တိရစ္ဆာန် ဘဝပေါင်း တစ်ရာလောက် ကျင်လည်ပြီးမှ တစ်ကြိမ် တစ်ခါသာ ရလာတဲ့ လူ့ဘဝကနေ လေယူရာ မျောပါသွားရတဲ့ သစ်ရွက်ကြွေလို ရောက်မိရောက်ရာ ဖြစ်မိဖြစ်ရာ ဖြစ်ရမှာ ဧကန်မလွဲပေါ့ အမေ။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဘဝတွေများ ရောက်မိမှားမှဖြင့် ဘုရားပွင့်နေလည်း ဘုရားမှန်းမသိတော့ဘူး။ တရားဟောနေ

www.dhammaransi.com



လည်း တရားမှန်း မသိတော့ဘူး။ ရဟန်းသံဃာရယ်လို့လည်း ဆည်းကပ် ကိုးကွယ်ရကောင်းမှန်း မသိတော့ဘူး။

မသိရာက စခဲ့ပြီး မသိရာဆီ ပြန်သွားကာ မသိမှုထဲ တဝဲလည်လည် ဆင်းရဲပင်ပန်း ညှိုးနွမ်းစွာ အတောမသတ်အောင် ကျင်လည်ရဦးမှာကို မြင်တော်မူလို့ ဘုရားအရိယာတွေက လူ့ဘဝ ဒုလ္လဘသဘောကို အမြဲ ဟောပြနေတာပေါ့ အမေ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ တခြားအကြောင်းအရာတွေကို အခွင့်အခါ ကြည့်ပြီး ဟောတော်မူပေမယ့် 'ဒုလ္လဘ တရားတော်' ကိုတော့ နေ့တိုင်း ဟောခဲ့တာ ၄၅ ဝါလုံးလုံးပါပဲတဲ့အမေ။ ဘာဖြစ်လို့ နေ့တိုင်း ဟောရသလဲဆိုတော့ အလွန့်အလွန်ကို အရေးကြီးလွန်းလို့တဲ့။ မေ့လျော့တွေဝေပြီး နေတတ်တဲ့လူတွေအဖို့ ထပ်တလဲလဲ နှိုးဆော်နိုင်ခါမှ တော်ရုံကျပါတယ်။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူပြီးလေမှ 'ရဟန္တာ' ဖြစ်ပွင့်ခဲ့ရတဲ့ ညီတော်အရှင် အာနန္ဒာဟာ လူတွေကို ငါ ဘာတရားများ ဟောရပါလိမ့်၊ ငါ့နောင်တော် ဘုရားရှင် ဘယ်လိုတရားတွေ ဟောသွားပါလိမ့် ဆိုတာ ပြန်ပြောင်း အောက်မေ့ကြည့်ညိုလိုက်တဲ့အခါ ဒီဒုလ္လဘတရားကြီးကိုသာ ဘုရားရှင် အလေးအနက် ဟောသွားပါလားဆိုတာ တွေ့ရပါတယ်။ ဒါနဲ့ ညီတော်အရှင်အာနန္ဒာ သက်တော် ၁၂၀ အထိ အကြိမ်ပေါင်းများစွာ အလေးအနက် ဟောတော်မူသွားတဲ့ တရားတော်ဟာလည်း ဒုလ္လဘတရားပါပဲတဲ့ အမေ။

ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်လည်း တရားဟော၊ တရားပြ၊ ဩဝါဒပေး စာပေရေးသားရာ အခါတိုင်းမှာ ဒုလ္လဘတရားကြီးကို

www.dhammaransi.com



သာ အခွင့်သင့်တိုင်း ဖွင့်ဆိုဟောကြားတော်မူလေ့ရှိခဲ့တာပေါ့ အမေ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဒုလ္လဘတရားကို ဟောသွားလိုက်တာ အကြိမ်ပေါင်း ၁၆၄၂၅ (တစ်သောင်းခြောက်ထောင် လေးရာနှစ်ဆယ့်ငါးကြိမ်) ရှိသတဲ့ အမေရယ်။ ဘယ်တရားကိုမှ အဲဒီလောက် အကြိမ်များများ ဟောမသွားခဲ့ပါဘူးတဲ့။ အလွန်အရေးကြီးတဲ့ တရားပေမို့ အကြိမ်ကြိမ် သတိပေးဟောကြားခဲ့ပေမယ့် လူတွေကတော့ မေ့လျော့မြဲ မေ့လျော့ဆဲပါပဲ။ ဒီနေ့ခေတ် သာသနာတော်အတွင်းမှာ သရဏဂုံဆောက်တည်ပြီး သီလယူတဲ့အခါ 'အပ္ပမာဒေန သမ္ပာဒေထ' လို့ လိုက်ဆိုနေကြပေမယ့် ဘာဆိုလို့ ဆိုလိုက်မှန်း မသိအောင် လူတွေဟာ နမော်နမဲ့ နိုင်လွန်းလှပါတယ်။

လူတွေ တန်ဖိုးထားလှပါတယ်ဆိုတဲ့ စိန်၊ ရွှေ၊ ပတ္တမြားတွေ ဆိုတာ ဒီနေရာမှာ မထွက်ရင် ဟိုနေရာမှာ ထွက်တယ်၊ ပြီးတော့ ခေတ်တိုင်းမှာ ပေါ်ထွက်နေတယ်။ ဘုရားဆိုတာ ကျင့်တိုင်း မပွင့်ဘူး။ ဘုရားမပွင့်တဲ့ 'သုညကမ္ဘာ' တွေကို သတိရပါ။ ဘုရားတစ်ဆူ တစ်ဆူ ပွင့်ဖို့ အနည်းဆုံး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံး ကြာမြင့် ရှည်ဝေးစွာ စောင့်မျှော်ခဲ့ရပါတယ်။ ဘုရားပွင့်တဲ့ ခေတ်ကမ္ဘာမှာ ကိုယ်က လူဖြစ်ခွင့် ကြုံပါဦးမှ ဘုရားလည်း ဖူး၊ တရားထူးလည်း နာရမယ်၊ အမိုက်တိုက် အမှောင်ကမ္ဘာမှာ ဖူးခွင့်မရခဲ့တဲ့ 'သံဃာ' ကိုလည်း ဖူးခွင့်ရမယ်။

ဒီလို အခွင့်အခါကောင်းတွေ ခုလည်း သာသနာတော် တည်နေဆဲမို့ ကြုံဆုံနေရပေမယ့် လူတွေ ရေလိုက်လွဲပြီး ရေစုန်မျောနေကြလေရဲ့။ ဘုရား သာသနာမှန်တိုင်း ကောင်းတိုင်း (အလေးအနက်) မယုံကြသေးဘူး။ ယုံသလောက်လည်း မလုပ်ကြသေးဘူး။ ကိုယ်ကြိုက်တာပဲ ယုံ

www.dhammaransi.com



နေကြတာ၊ ကိုယ်ကြိုက်တာတွေပဲ လိုက်လုပ်နေကြတာ၊ တရားစစ် တရားမှန် သူတော်ကောင်းတရား နာရဖို့ဆိုတာ 'အတိဒုလ္လဘ' ...တဲ့ အမေ။ ရိုးရိုး ဒုလ္လဘ မဟုတ်ဘူး။

မိမိရဲ့ ဘဝတန်ဖိုးအမှန်ကိုတောင်မှ သတိမရနိုင်တဲ့ လူသားတွေဟာ အရိယာသူတော်ကောင်းတွေ ကျင့်ကြံကြိုးကုတ် ဖော်ထုတ်ခဲ့တဲ့ 'အတိဒုလ္လဘ' တရားကို ပိုပြီး မေ့လျော့နိုင်အားကြတာပေါ့ အမေ။ ဒီလိုနဲ့ အို၊ နာ၊ သေရာက ကမ္ဘာကြီးထဲကနေ အပြစ်တွေ၊ အကုသိုလ်တွေ၊ ဒုစရိုက်တွေချည်း ယူဆောင်သွားကြတယ်။ အဲဒီအပြစ်တွေ၊ အကုသိုလ်တွေ၊ ဒုစရိုက်တွေနဲ့ပဲ ကမ္ဘာလောကဆီ တစ်ဖန်ပြန်လာကြလိမ့်ဦးမယ်။ မမေ့တရားကို မေ့ထားကြပြီး မေ့အားကြီးကြီးနဲ့ပဲ လူ့တစ်ဘဝဟာ ပြီးဆုံးသွားရလိမ့်ဦးမယ်။

'ဆုံးရာက ပြန်မစနိုင်ရင် စုန်းစုန်းမြုပ်အောင် ဆုံးပြီ' ရယ်လို့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးက ဟောကြားတော်မူခဲ့ပြန်ပါတယ် အမေ ...။

**အညွှန်း။** ။ ၂၇-၃-၉၇ မိတ္ထီလာ ဖောင်တော်ဦး ဓမ္မာရုံကြီးမှာ ဟောတဲ့ တရား။

www.dhammaransi.com

# အမေနှင့် ကုဋေတစ်သိန်းအား

အမေ...

အိုနာသေ အပါအဝင် ရုပ်ဖြစ်ပျက်တွေဆိုတာက မြင်နေရတယ်။

ကြည့်လို့ မြင်ရင် မြင်ပြီးတော့ ဆင်ခြင်နိုင်ပါသေးတယ်။ ဒါပေမဲ့ ဆင်ခြင်တုံတရား အားနည်းသွားလောက်အောင် မေ့မေ့ကြီးနဲ့ အာရုံခံစားနေကြတာကိုပဲ အပ်ကြောင်းထပ်ရဦးတော့မှာပါပဲ။

ဆရာတော်ဘုရားကြီးအတွက် ကျောင်းကြီးတစ်ဆောင် ဆောက်လှူတယ် ဆိုပါစို့။

ဒီကနေ့ ကျောင်း၊ မနက်ဖြန် အဟောင်း။

ဟောင်းရာက ဆွေးပြီး ပျက်ရဦးတော့မယ်။

စပါးက ပျက်လာတော့ ထမင်း၊ ထမင်းက ပျက်လာတော့ ဝါးဖတ်၊ ဝါးဖတ်က ပျက်လာတော့ အစာ၊ အစာက ပျက်လာတော့ မစင်၊ အိမ်သာထဲမှာ မစင်ရဲ့ သတ္တိပျက်သွားတာနဲ့ မြေဘဝပြန်ရောက်သွားပါလေရောတဲ့။ ရုပ်ဆိုတာလည်း ဖြစ်ပျက်သံသရာထဲမှာ။

ဗောဓိမြိုင်စာစဉ်

www.dhammaransi.com



လမ်းသွားတဲ့ ဥပမာနဲ့ ဆရာတော်ဘုရားကြီးက ဆက်ပြီး ဟော ပါတယ်။

ဘယ်လှမ်းရင် ညာပျက်တယ်။ ညာလှမ်းရင် ဘယ်ပျက်တယ်။ ခြေလှမ်း တစ်လှမ်းရဲ့ ဖြစ်တည်နေမှုဟာ ဘယ်လောက်ကြာလို့တုံး။ မပျက်ခင် ဘေးတင်နေတဲ့ ခဏကလေးမျှသာ၊ တကယ့်အနှစ်သာရ က အပျက်မှ အပျက်သို့သာ သွားနေတယ်တဲ့။ ဒါပေမဲ့ ပျက်နေပါတယ် လို့ ပြောရင် လူတွေက လိုလိုချင်ချင် လက်မခံကြပါ။ အနိဋ္ဌာရုံတစ်ခု လို ရှောင်ကွင်းချင်ကြတယ်။

ဖြစ်နေတယ်ဆိုတဲ့ လှည့်စားမှုမှာ သာယာတပ်ငြိဖွယ် အာရုံတွေ လိမ်းခြယ်မွမ်းမံထားတော့ အာရုံရဲ့ တိုက်ဆွဲ ဆွဲရာဆီ ကြိုက်စွဲနဲ့ လိုက် ပါသွားကြပါတယ်။ စိတ်သွားရာ ကိုယ်ပါပြီး ကာယကံမှုတွေ ပြုလာ ကြပြီနော်။ ခံစားရာ အာရုံတွေလည်း မမြဲပါဘူး၊ ဖြစ်ခဏကလေးမှာ သာယာနေကြတာပါဆိုရင်လည်း လူတွေက လွယ်လွယ်နဲ့ လက်ခံဦး မှာ မဟုတ်ပါ။ ရုပ်ဝတ္ထုကာမ စည်းစိမ်တွေသာ လောက တန်ဖိုး၊ ဘဝ တန်ဖိုးဖြစ်နေတော့ ဒီတန်ဖိုး ဒီစံနှုန်းတွေ မြဲတယ်၊ မြင့်တယ်လို့ ထင် နေကြဆဲပါပဲ။

မြဲတယ်ဆိုတဲ့ ရုပ်ဝတ္ထုတွေရဲ့ ဖြစ်တည်မှုဆိုတာ...

ခဲတစ်လုံးကို လေဟာနယ်ထဲ ပစ်တင်လိုက်ပါ။ အောက်ပြန် ကျ မလာမီ အဲဒီလေထဲမှာ ခဏလေး 'ရောက်၊ တန့်' သွားတဲ့အချိန်ကလေး သာ 'ဖြစ်တယ်'၊ 'မြဲတယ်' ဆိုရပါတယ်တဲ့ အမေ။ ကျန်တာတွေက အပျက်ချည်းပဲပေါ့။ အဲဒီမပျက်မီ ခဏလေးဖြစ်တည်နေတာကိုပဲ မြဲ တယ်ထင်နေကြတာပါ။

www.dhammaransi.com



ဒါက မြင်ရတဲ့ရုပ်အပေါ် ရှုမြင်ဆင်ခြင်ပုံမျှသာဖြစ်ပါသေးတယ်။

မမြင်ရတဲ့ စိတ်ဖြစ်ပျက်သဘောကား ဆိုဖွယ်ရာမရှိပြီ။

စိတ်ရဲ့ ချုပ်ပျက်နှုန်းက တစ်စက္ကန့်မှာ ကုဋေတစ်သိန်းတဲ့အမေ။

အဲဒီလောက် မြန်တဲ့စိတ်ဟာ ဘယ်ကိုသွားပြီး ပျော်ပါးနေတတ်သလဲဆိုတော့ 'မကောင်းမှု'ဒုစရိုက်တွေဆီပဲ သွားနေတာတဲ့။ ဘုရားရှင် ကိုယ်တော်တိုင်က 'စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏'လို့ ဟောတော်မူခဲ့ပါတယ်။ အဲဒီတော့ စိတ်သွားရာ ကိုယ်ပါတဲ့သူတွေ သွားနေတာ မကောင်းမှုတွေဆီသို့သာ။ လောဘ ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိ...စတဲ့ ကိလေသာတွေဆီ သွားနေတာပါတဲ့။ စိတ်သွားသလောက် ကိုယ်ပါတော့လည်း စိတ်ထောင်းသမျှ ကိုယ်ကြေ ဖြစ်ရတာပေါ့ အမေ။

ဒါတောင် စိတ်နဲ့ရုပ်ရဲ့ ဖြစ်ပျက်နှုန်းက မတူကြ။

စိတ်ရဲ့ ချုပ်ပျက်နှုန်းက တစ်စက္ကန့်မှာ ကုဋေတစ်သိန်း။

ရုပ်ရဲ့ ချုပ်ပျက်နှုန်းက တစ်စက္ကန့်မှာ ကုဋေခြောက်ထောင်။

ရုပ်တစ်ချက်မှာ စိတ်က ၁၇ ချက် ပျက်နေပြီ။ ဒါကို သေသေချာချာ စောင့်မကြည့်ဘဲ ဘယ်လိုလုပ်မြင်နိုင်ပါ့မလဲအမေ။ တစ်စက္ကန့်ကို ကုဋေတစ်သိန်းအားနဲ့ သွားနေတဲ့ စိတ်နောက်လိုက်ပြီး စီးပွားရှာကြ၊ ကာမဂုဏ်အာရုံခံစား လုပ်နေကြတာ ဒီကိုယ်ကြီး မမောခံနိုင်ရိုးလား၊ မပန်းခံနိုင်ရိုးလား၊ မနာခံနိုင်ရိုးလား အမေ။

ဒါ့ကြောင့် စိတ်ဟာ မညှာမတာ ခိုင်းဘတ်တဲ့ အလုပ်ရှင်၊ စိတ်က သခင်၊ ရုပ်က ကျွန်လို့ ဆရာတော်ဘုရားက မကြာခဏ ဖွင့်ချလေ့ရှိပါတယ်။ အဲဒီတော့ စိတ်စေရာ ဘာလို့ ကိုယ်ပါနေသလဲ ဆိုတော့

www.dhammaransi.com



စိတ်နဲ့ ကိုယ်ကြား သတိကလေး ခြားမထားဘဲ မေ့အားကြီးနေလို့ပေါ့ အမေ။

ကြည့်ချင်တယ်၊ ထိချင်တယ် ဆိုတာတွေက ပထမစိတ်၊ အဲဒီ ပထမစိတ် နောက်မှာ သတိဆိုတဲ့ 'ဒုတိယစိတ်'ကလေး လိုက်ပေးရမယ်။ တစ်နည်းအားဖြင့် ရှေ့စိတ်နောက်, နောက်စိတ်ကလေး လိုက်ပေးရမယ်၊ လုပ်ချင်တာ လုပ်နေတာတွေအပေါ်မှာ သတိကလေး ကပ်ပြီး တင်ထားပါလို့ ဆိုလိုတာပါပဲ။ အဲဒီ သတိဆိုတဲ့နောက်က လိုက်ထိန်းတဲ့ စိတ်သာ မပါရင် ရှေ့က စိတ်ကလေးဟာ သွားချင်ရာ သွား၊ ရောက်ချင်ရာ ရောက်ပြီး မွေ့ချင်ရာ မွေ့ပြီပေါ့ အမေ။

နွားကျောင်းသား မပါတဲ့ နွားအုပ်လို သွားချင်ရာ သွား၊ စားချင်ရာ စားရင် ဒုက္ခများကုန်မှာပေါ့ အမေ။ ပြီးတော့ တစ်စက္ကန့်မှာ ကုဋေ တစ်သိန်းအား ချုပ်ပျက်နေတဲ့ ဒီစိတ်တစ်ခုချင်းရဲ့နောက်မှာ စေတနာ တစ်ခု မျိုးစေ့ တစ်ခုကျစီ ကပ်ပါလာပြီးသားတဲ့ အမေ။

သာယာစိတ်ကလေးတစ်ခုသည် ပြိတ္တာမျိုးစေ့ တစ်ခု ပြိတ္တာ တစ်ဘဝ။

မသာယာစိတ်ကလေး တစ်ခုသည် ငရဲမျိုးစေ့ ငရဲတစ်ဘဝ။

မသိစိတ်ကလေး တစ်ခုသည် တိရစ္ဆာန်မျိုးစေ့ တိရစ္ဆာန်တစ်ဘဝ။

စိတ်နဲ့အတူ လိုက်ပါလာတဲ့ စေတနာအကျိုးပေးရာ ဘဝတွေဆီ သွားရောက် ကျင်လည်ရပါတယ်။ စိတ်ရဲ့ မူလသဘောဟာလည်း မကောင်းမှုမှာသာ မွေ့လျော်တတ်စမြဲ ဆိုတော့ စေတနာကလည်း မကောင်း စေတနာ၊ မျိုးစေ့ကလည်း မကောင်းမျိုးစေ့၊ သွားရမှာကလည်း မကောင်းဘုံ။

www.dhammaransi.com



စိတ်လောက် ကြောက်စရာကောင်းတာ မရှိပြီ။

တစ်စက္ကန့်မှာ ကုဋေတစ်သိန်း ချုပ်ပျက်နေတဲ့ သူ့အင်အားက နည်းနည်းနောနော မဟုတ်၊ စိတ်စွမ်းအားကို အဏုမြူစွမ်းအား လိုက်မမီပြီ။ စိတ်စွမ်းအား သဘောကို ဘုရားဟောရှိခဲ့တာကတော့ ဒီလိုပါ အမေရယ်။

တစ်ခါက မထင်မရှား နတ်သားတစ်ပါးက ဘုရားရှင်ကို မေးလျှောက်ပါတယ်။

'အရှင်ဘုရား...လောကကြီး ဘယ်သူ့အလိုကို လိုက်နေရပါသလဲ'

'စိတ်အလိုကို လိုက်နေရတယ်' မြတ်စွာဘုရား ဖြေတော်မူတယ်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရားလောကကြီး ဘယ်လိုဖြစ်ပေါ်နေပါသလဲ'

''စိတ်အလိုအတိုင်း ဖြစ်ပေါ်နေရတယ်' လို့ ဘုရားရှင် ဖြေတော်မူပါတယ်။ စိတ်ဟာ အဲဒီလောက် တန်ခိုးကြီးတာနော်။ ဒီစိတ်တန်ခိုးကို မကောင်းမှုတွေမှာပဲ အသုံးချနေကြလို့ အဆိုးသံသရာက မလွတ်နိုင်ကြသေးတာ။ အဏုမြူဗုံးကို ပိတ်ပင်တားဆီးလို့ ရပေမယ့် စိတ်သွားနေတာကို မတားဆီးနိုင်ကြပဲ ဖြစ်နေကြပါတယ် အမေ။

ဒါ့ကြောင့် ကိုယ့်စိတ် ကိုယ်နိုင်ရင် လောကကြီးကို နိုင်ပြီလို့ ခိုရတာပါ။

**စိတ်ကို နိုင်တာ သတိတစ်လုံးပဲ ရှိတယ်။**

ဒီသတိတစ်လုံးနဲ့ စိတ်ကို စောင့်ကြည့်၊ စောင့်ထိန်းနေတာ တရားအလုပ်ပဲ။ သတိနဲ့ စောင့်မကြည့်နိုင်တဲ့ စိတ်၊ မထိန်းသိမ်းနိုင်တဲ့ စိတ်

www.dhammaransi.com



ဟာ တစ်စက္ကန့် ကုဋေတစ်သိန်းနှုန်းနဲ့ မကောင်းမှုတွေ ပြုခဲ့လိမ့်မယ်။ စိတ်အပြစ်တွေ၊ စိတ်အညစ်တွေ ဘယ်လောက် များခဲ့ပါပြီလဲ။

တကယ်လို့သာ ဒီစိတ်ကလေးကို တစ်စက္ကန့်သာ ထိထိမိမိ စောင့်ကြည့် ထိန်းသိမ်းနိုင်မယ်ဆိုရင် အဲဒီ တစ်စက္ကန့်အတွင်းမှာ '**သန့်စင်စိတ်ပေါင်း ကုဋေတစ်သိန်း**' ရနိုင်ပါလိမ့်မယ် အမေ။ စိတ်တစ်ချက်မှာ စေတနာ တစ်ချက်ပါပြီးဖြစ်လို့ '**ကောင်းကျိုးမျိုးစေ့ပေါင်း ကုဋေတစ်သိန်း**' ရပြီလို့လည်း မှတ်သားအပ်ပါတယ်အမေ။

မိမိရဲ့ သတိပါတဲ့ အလုပ် (ကမ္မဋ္ဌာန်းအလုပ်) ကြောင့် သန့်စင်အေးမြ ဖြူစင်နေတဲ့ 'ဓမ္မဓာတ်' တို့ဟာ တစ်ထိုင်တစ်သိအတွင်းမှာပဲ ကုဋေပေါင်း မြောက်မြားစွာ ကမ္ဘာသို့ အအေးဓာတ် လွှမ်းခြုံပေးနေကြောင်း သဘောပေါက်ပါလေလို့ ဆရာတော်ဘုရားကြီးက အလေးအနက် မှာကြားလိုက်ပါတယ် အမေ။

**အညွှန်း။**

* ၂၂-၃-၉၇ ပျဉ်းမနား လက်လုပ်တောင် တရားပွဲ။
* စရိယာဒါသ ကထာ (လက်နှိပ်စက်မှု)။

www.dhammaransi.com

# အမေနှင့် လွတ်မြောက်ခြင်း

အမေ ...

သားဒုက္ခ၊ သမီးဒုက္ခ၊ မြေးဒုက္ခအပါအဝင် ဘဝဒုက္ခ ဝဋ်ဆင်းရဲ အပေါင်းမှ လွတ်မြောက်သွားတဲ့ 'အမေတစ်ယောက်အကြောင်း'ကို ဆရာတော်ဘုရားကြီး ပုံဆောင်ဟောကြားသွားတဲ့ တရားတစ်ပုဒ် ရှိပါတယ်။ အဲဒီတရား နာကြားကြသူတွေထဲမှာ တိုက်တိုက်ဆိုင်ဆိုင် အမေတွေက အများစုပေါ့ အမေ။

အဲဒီတုန်းက ဆရာတော်ဘုရားကြီးဟာ သာစည်မြို့ အရှေ့ဘက် ရွှေကျောင်းကုန်းတောင်မှာ ဒုတိယအကြိမ် သီတင်းသုံး သာသနာပြုနေချိန် ဖြစ်ပါတယ်။ ရွှေကျောင်းကုန်းတောင် ဆိုတာ ရှမ်းရိုးမ (ဝါ) အရှေ့ရိုးမရဲ့ အခြေအစပ် ဖြစ်ပေမယ့် ပေသုံးထောင်ကျော် မြင့်ပါတယ်။ တောင်ရဲ့ မတ်စောက်ခြင်း၊ ခရီးလမ်းပန်း ကြမ်းတမ်းခြင်း၊ ရေက အစ ရှားပါးခြင်းတို့ကြောင့် တော်တန်ရုံလူတွေ မရောက်မပေါက်ခဲ့ပါဘူး။ ဒါပေမဲ့ ဆရာတော်ဘုရားကြီးရဲ့ဂုဏ်သတင်းကြောင့် ရန်ကုန်၊ မန္တလေး၊

www.dhammaransi.com



ရွှေဘိုစတဲ့ အဝေးမြို့ကြီးများကပင် တရားနာပရိသတ်များ တကူးတက ရောက်လာကြပြီ ဖြစ်ပါတယ်။

အဝေးအနီးက ကျန်းမာရေးကောင်းသူတွေ တောင်ပေါ် တက်ပြီး တရားနာနိုင်ကြပေမယ့် ဆရာတော်ဘုရားကြီးရဲ့ ဂေါစဂါမ် ရွာများမှ မိအိုဖအိုများကား အလွန်မတတ်စောက်တဲ့ ရွှေကျောင်းကုန်းတောင်ပေါ် တက်ပြီး တရားမနာနိုင်ရှာကြ။ တောင်ခြေ မြေကွက်လပ်မှာ ကျန်ခဲ့ရှာပါတယ်။ တောင်မကျော်နိုင်တော့တဲ့ မိအိုဖအိုများခမျာ တောင်ပေါ်က ဆရာတော့်ကျောင်းကလေး ရည်မှန်းကန်တော့လျက်ကသာ တောင်ခြေမှာ စုဝေးထိုင်စောင့်နေကြရှာပါပကော။

သူတို့ဖြစ်အင် မမြင်ရက်တော့တဲ့ နယ်ခံသံဃာတော်များက ဆရာတော်ဘုရားထံ အရောက်သွား ပင့်လျှောက်ကြပုံမှာ.

'အရှင်ဘုရား...မိအိုဖအိုများ ဖြစ်လို့ တောင်ပေါ် မတက်နိုင်ကြပါ၊ အရှင်ဘုရား ကိုယ်တိုင် ဆင်းကြွလို့ တရားပြတော်မူပါ' တဲ့။

ဆရာတော်ဘုရားဟာ မိအိုဖအိုများကို အထူး ငဲ့ညှာ၊ ကရုဏာကြီးစွာဖြင့် ပင့်လျှောက်ရာ တောင်ခြေသို့ ဆင်းကြွတော်မူလျက် ဒီလို နှုတ်ခွန်းဆက် တရားနဲ့ စတင်ဟောကြားတော်မူခဲ့ပါတယ်။

"ဒီနေ့ တို့အဘိုး တို့အဘွား တို့အမေတွေကို ပြောချင်တာကတော့...

၁။ ကိုယ့်ကိုယ်ကို သနားကြပါတော့။

၂။ ကိုယ့်အလုပ် ကိုယ် လုပ်ကြပါတော့။

၃။ ကိုယ့်လမ်းကိုယ် ရွေးကြပါတော့...လို့ ပြောချင်ပါတယ်။

ကိုယ့်ကိုယ်ကို သနားကြပါတော့ဆိုတာ တို့အဘိုး၊ တို့အဘွား၊

www.dhammaransi.com



တို့အမိ တို့အဖတွေ ဘဝတစ်လျှောက်လုံး သားတွေ သမီးတွေ မြေးမြစ်တွေကို သနားပြီး သူတို့အတွက်ပဲ အားထုတ်လုပ်ကိုင်ခဲ့တယ်။ သားကနေ မြေး၊ မြေးကနေ မြစ်... မြစ်ထဲ ရောက်တော့ နစ်နေပြီ။ ဘဝမှာ ကိုယ့်စိတ်နဲ့ ကိုယ်နေခဲ့ရတယ် မရှိလိုက်ပါဘူး။ လင်စိတ် မယားစိတ်ကနေ သားစိတ် သမီးစိတ် 'သူ့စိတ်နဲ့ ကိုယ့်ကိုယ်' ဆိုတော့ ဒီကိုယ်ကြီး ဘယ်လောက် ဆင်းရဲမလဲ။

ဆင်းရဲလို့လည်း ဆင်းရဲမှန်း မသိကြပါဘူး။ သားသမီးတွေ မြေးတွေမို့ ပျော်ရင် ကိုယ်လည်း လိုက်ပျော်လို့၊ ပျော်တာကိုပဲ ဘဝချမ်းသာလို့ ထင်နေကြတုန်းဗျာ။ ပျော်တာနဲ့ ချမ်းသာတာ မကွဲကြသေးပါဘူး။ ပျော်တယ်ဆိုတာက တကယ်တော့ အာရုံခံစားမှုတွေမှာ မေ့မျောသာယာနေတာ၊ မေ့မေ့ကြီးနဲ့ ခံစားနေတာ၊ အာရုံခံစားတော့လည်း သူ့ဘက်လိုက်ပြီး သူ့စိတ်နဲ့ ခံစားခဲ့တာ။

ကြက်သားစားတော့ ကြက်ဆီ စိတ်ရောက်ပြီး ကြက်ကြိုက် စိတ်နဲ့ စားခဲ့တယ်။ စိတ်က ကိုယ့်ဆီမှာ ရှိခဲ့ရဲ့လား။ ကြက်သားစားတာတောင် ကြက်ဆီ စိတ်ရောက်ပြီး ကြက်စွဲ စွဲနေပြီဆိုရင် သားသမီးကိစ္စ မြေးကိစ္စတွေမှာတော့ ဆိုဖွယ်ရာ မရှိတော့ပါဘူး။ မယားစိတ်နဲ့ နေခဲ့တုန်းက မယားပူမိခဲ့ပြီးပြီ။ ခု သားစိတ်နဲ့ နေတော့ သားပူ မိမှာပဲ။ မြေးစိတ်နဲ့ နေတော့ မြေးပူမိမှာပဲ။ ဘယ်တော့မှ အေးအေးနေရမလဲဆိုရင် ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် တွဲခနဲ၊ ကပ်ခနဲ နေနိုင်မှ အေးမယ်။

သားအာရုံ၊ မြေးအာရုံနဲ့ တခြားအာရုံတွေမှာ သတိကလေး အစောင့် ချပြီး နေနိုင်မှ အေးမယ်။ အဲဒီသတိကလေးရှိပါမှ အသိကလေး ဖြစ်ပေါ်လာမယ်။ အဲဒီအသိကသာ အကောင်းလား အဆိုးလား၊ အကျိုး

www.dhammaransi.com



လား၊ အပြစ်လား ခွဲခြားပေးလိမ့်မယ်။ အသိမရှိရင်တော့ အကောင်းလား အဆိုးလား ခွဲခြားမသိတော့ဘဲ မသိစိတ်နဲ့ပဲ စွဲလမ်းခံစားနေလိမ့်မယ်။ စွဲစိတ်တွေ အားကြီးတော့ သူ့ခိုင်းရာ လိုက်လုပ်ရတဲ့ ကျွန်ဘဝပမာပေါ့။ ကြက်သား စားချင်လို့ ကြက်သားဖိုး ရှာတယ်ဆိုတာ ကြက်ခိုင်းရာ လိုက်လုပ်နေရတာ မဟုတ်လား။ ကွမ်းတို့ ဆေးတို့ ကြိုက်စွဲစွဲနေတော့လည်း ကွမ်းဖိုး ဆေးလိပ်ဖိုး ရှာရတယ်ဆိုတာ ကွမ်း ဆေးခိုင်းတာ လုပ်နေရတဲ့ ကွမ်းဆေးရဲ့ ကျွန်ပေါ့။ သားမြေးကိစ္စတွေမှာလည်း ဒီလိုပါပဲ။

လောကမှာ အားကြီးတိုင်း မနိုင်ပါဘူး။

အားကြီးလို့ ရှုံးခဲ့တာတွေ ...။

မိဘနဲ့ သားသမီးပဲ ကြည့်ပါ၊ မိဘက သားသမီး ချစ်အားကြီးတော့ ဘယ်လောက်အနှိပ်စက်ခံလိုက်ရသလဲ။ ဘယ်လောက် အနစ်နာခံနေရသလဲ။

ဘဝမှာ တန်ဖိုးရှိတဲ့ အချိန်တွေ သူတို့အတွက် ပေးခဲ့ပြီးပြီ၊ တစ်ချိန်လုံး သူတို့စိတ်နဲ့ နေခဲ့တာ၊ သူတို့ကိုပဲ သနားခဲ့ရတာ၊ မိဘကို ပြန်သနားသလားဆိုတော့ ဘုရားခေတ်က ဖြစ်ရပ်ကို ပြန်ပြီး ပုံဆောင်ရဦးမှာပေါ့။

ဘုရားရှင် ရွှေလက်ထက်တော်က ... 'သောဏထေရီ' ရဲ့ ဇာတ်ကြောင်းပေါ့။

သောဏ ဆိုတဲ့ သူဌေးမကြီးမှာ မြေပေါ် ကုဋေလေးဆယ်၊ မြေအောက် ကုဋေလေးဆယ် ကြွယ်ဝချမ်းသာတယ်တဲ့။ မြေပေါ် ကုဋေလေးဆယ်ဆိုတာ သုံးစွဲလည်ပတ်နေတဲ့ ငွေကြေးပမာဏကို ပြောတာ၊

www.dhammaransi.com



မြေအောက် ကုဋေလေးဆယ် ဆိုတာ ရင်းနှီးမြှုပ်နှံထားတာကို ပြောတာ၊ သူ့အသက်က '၈၀'လောက် ရှိပြီ။ သူ့မှာ သားခုနစ်ယောက်၊ သမီး ခုနစ်ယောက် ရှိတယ်။ နေတာကတော့ သားအကြီးဆုံးနဲ့ ချွေးမနဲ့ မြေးတွေနဲ့ နေတယ်။

တစ်နေ့တော့ သူစဉ်းစားမိတာက ငါ့ရှိတာတွေ ခွဲဝေပေးပြီး သားသမီးတွေအိမ် ဘယ်အိမ်သွားနေနေ၊ ဘယ်အိမ်သွားစားစား ရတာပဲပေါ့၊ သားသမီးဘက်က တွေးပြီး သားသမီးဘက်က လိုက်ခံစားနေတာနော်။ ဒီလိုတွေးပြီး သားကြီးနဲ့ ချွေးမ ခေါ်တိုင်ပင်တာပေါ့။ သူ့ရှိတာတွေ အညီအမျှ ခွဲဝေပေးမယ်ဆိုတော့ ချွေးမကြီးက မကျေနပ်တော့ဘူး။

'ကျွေးတော့ တို့က၊ နေတော့ တို့နဲ့ တို့တော့ ပိုပေးမယ် မရှိဘူး' ဆိုပြီး စိတ်ဆိုး စိတ်ပုပ် စိတ်ယုတ်တွေ ဝင်လာလိုက်တာ လင်နဲ့ လှည့်တိုက်၊ မြေးတွေနဲ့ လှည့်တိုက်နဲ့ သူဌေးမကြီး နေစရာမရှိတော့ဘူး။ ခြွေရံသင်းပင်းတွေနဲ့ နေလာရာက အထီးကျန် ဝိုင်းပယ်တာ ခံလာရပြီ။ ငြူစူစောင်းမြောင်းမှု၊ အဖက်မလုပ်မှုတွေကြောင့် အနေကျုံ့လာပြီ။

သားကြီး ဩရသလည်း အနေကျပ်လာပြီ။

အနေချောင်အောင် တစ်ယောက်တော့ နှင်ချရတော့မယ်။

မအေနဲ့ မယား ဘယ်သူ့နှင်ချမလဲ။

အဖြေက ရှင်းနေတာပဲ။ အဲဒီတော့ မအေကြီးဟာ သားကြီးအိမ်က သားလတ်အိမ် ဆင်းသွားတာပေါ့။ ငါ အမွေတွေ ပေးထားတာ၊ ဘယ်အိမ် သွားစားစား ဘယ်အိမ် သွားနေနေဆို ...။ သားလတ်အိမ်

www.dhammaransi.com



ရောက်တော့ရော စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေရရဲ့လား။ သားလတ်နဲ့ သူ့မိသားစုကလည်း ငြိုငြင်ကပ်တွက်လာတာပေါ့။

'ဒီအဘွားကြီး တစ်ပြားမှ မရှိတော့မှ တို့အိမ်ရောက်လာတယ်၊ သူပေးတဲ့ အမွေကဖြင့် ဘယ်လောက်ပဲ ရှိတာ၊ သူ့ဒုက္ခခံရမှာက ဘယ်လောက်ကြာ...'

အဲဒီလိုနဲ့ သားသမီးတွေ တစ်အိမ်ပြီး တစ်အိမ် လှည့်ပြောင်းနေလာလိုက်တာ နောက်ဆုံး အငယ်ဆုံး သမီးအိမ် ရောက်သွားပါလေရောတဲ့။ ဒီသမီးလည်း ဘာထူးသလဲ။ သူ့ရှေ့က အစ်ကို အစ်မတွေလို ငြူစူလို့၊ စောင်းမြောင်းလို့၊ ကောက်ချိတ်လို့ဆိုတော့ ဒီအမယ်အိုကြီး ဘယ်သွားမလဲ။

နောက်ဆုံးတော့ ဘုန်းကြီးကျောင်း ရောက်လာပြီး 'ဘိက္ခုနီမ' ဝတ်လိုက်ပါရောတဲ့။ အိုကြီးအိုမ နဲ့ ကျောင်းဝေယျာဝစ္စတွေ လုပ်ရရှာတယ်။ အရင်ရောက်နှင့်နေတဲ့ ဘိက္ခုနီမ တွေက ခိုင်းကြတာပေါ့။ တရားမရ၊ တရားမသိတဲ့ ဘိက္ခုနီမ တွေလည်း ရှိကြသေးတော့ ဒီအမယ်အိုကြီးကို ချိုးရေ သုံးရေ ခပ်ခိုင်းကြတယ်။ အမယ်ကြီးလည်း ဒါ သူ့ဘဝအကြောင်းကံ ဖန်လာပြီပဲ၊ ခိုကိုးစရာဆိုလို့လည်း တခြားမရှိကော့ဘူး၊ အရင်းမှ အားမကိုးရ၊ အဖျားက ဝေးရောပေါ့။

တစ်နေ့တော့ ရေခပ်ရင်း ရေချိုးရင်း ဆိုသလို ဒီအမယ်အိုကြီးချော်လဲပြီး ခြေကျိုးသွားရှာတယ်။ နာလွန်းလို့ အော်ညည်းနေပေမယ့်သူ့ကို ကူမယ့် ထူမယ့်လူ တစ်ယောက်မှ မရှိဘူး၊ ရွှံ့တွေ ပေလူးနေတဲ့သူ့ကိုယ်သူ ကြည့်ပြီး သံဝေဂ ရစပြုပြီ။

www.dhammaransi.com



'သြော်...အိုရတဲ့အထဲ နာရပြန်ပြီ၊ အခုနေများ သေသွားခဲ့ရင် ရှုံးပြီ'

သူ့ကိုယ်သူ တွေ့သွားပြီနော်။ ရှုံးမှန်းသိမှ အမြတ်ရဲ့ လမ်းစကို လှမ်းမြင်တယ်။ သူ ထဖို့ကြိုးစားတယ်။ ဒါပေမဲ့ ထ မရဘူး၊ နာနေတယ်။ ရွှံ့တွေပေနေတဲ့သူ့ကိုယ်ကို အင်တုံထဲက ရေတွေနဲ့ ခပ်ပြီး ဆေးတယ်။ ခြေထောက်က တစ်ဆင့် ရေတွေ စီးကျသွားတာမြင်တယ်။ ရေတွေ စီးသွားရာလမ်းဆုံးထိ လိုက်ကြည့်တယ်။ ရေတွေ မြေထဲ စိမ့်ဝင်ပျောက်ဆုံး ပျက်သုဉ်းသွားပါကလား။

အပျက် နောက်ဆုံးရှိချေတကား။

အဖြစ်ဆုံးတော့ အပျက်ပါကလား။

ဒီလို ရှုမှတ်ဆင်ခြင်ရင်း အင်တုံထဲက ရေတွေ ခွက်နဲ့ ခပ်ပြီး သူ့ကိုယ်မှာ ပေနေတဲ့ ရွှံ့တွေ ဆေးပြန်တယ်။ တစ်ခွက် ခပ်လိုက်တိုင်း အင်တုံထဲက ရေတွေ တစ်ခွက်လျော့သွားတယ်။ ဘာမှမရှိတဲ့ ခွက်ထဲ ရေတွေ ရောက်လာတယ်။ လောင်းချလိုက်တော့ ခွက်ထဲမှာ ခဏကလေး ဖြစ်တည်နေတဲ့ ရေတွေ ပျက်သွားတယ်။ ခြေပေါ်မှာ ရေတင်နေတာလည်း ခဏ၊ ပြီးတော့ စီးသွားတယ်။ ရေစီးဆိုတာ ရေစက် ရေပေါက် အစဉ်တန်းကြီး၊ ရှေ့က ရေပျက်တော့ နောက်က ရေက အစားထိုးပေးပြီး ရေစီးရယ်လို့ ဖြစ်သွားတယ်။ ရှေ့က ရေတွေ မြေထဲစီးသွား စိမ့်သွားပြီ။ နောက်က ရေစီးကြောင်းကလေးက ဆက်လိုက်လာနေတယ်။ နောက်ရေလည်း မမြဲ၊ ပျက်ကျနေတယ်။ ပြီးတော့ နောက်ရေ နောက်ရေ...။

တကယ်တော့ အပျက်အစဉ်တန်းကြီးပါတကား။

www.dhammaransi.com



အိုကြီး အိုမ သူ့ဘဝရဲ့ ခြေကျိုးအနာကြီးနဲ့ ရင်းပြီး 'အနိစ္စလက္ခဏာ'ကို သူ့ဉာဏ်စဉ်မှာ ထင်မြင်နေပြီနော်။

အမယ်အိုကြီးဟာ သူ့ကိုယ်ပေါ်က ရွံ့တွေကို ဆက်ပြီးဆေးကြောနေတယ်။

ရေကြောင့်ဖြစ်တဲ့ ရွံ့ကို ရေနဲ့ဆေးမှ ပြောင်တာပါလား။

စိတ်ကြောင့်ဖြစ်တဲ့ ကိလေသာ စိတ်အညစ်တွေကို သတိဆိုတဲ့ ရှုမှတ်စိတ်နဲ့ ဆေးကြောသန့်စင်ရမှာပါလား...တဲ့။ အမယ်အိုကြီး ဉာဏ်အလင်းရစ ပြုပြီနော်။

အဲဒီအချိန်မှာ သူ့ရုပ်ကသာ ဗွက်ထဲမှာနော်။

သူ့စိတ်က ရွံ့တွေဗွက်တွေထဲက လွတ်နေပြီ။

တို့ရုပ်ကြီးတွေက ကော်ဇောကြီးတွေပေါ်မှာ၊ ဆိုဖာကြီးတွေပေါ်မှာဗျ၊ စိတ်ကတော့ ဗွက်ထဲမှာ။

အဲဒီအချိန်မှာ ဘုရားရှင်က ဒီအမယ်အိုကြီး ကျွတ်တမ်းဝင်တော့မှာကိုမြင်လို့ ကောင်းကင်က ကြွတော်မူလာပြီး ဒီလိုတရားဟောပါတယ်။

**'အသက် တစ်ရာ နေရပေမယ့် တရားမသိရင် ရှုံးတယ်။**

**တစ်ရက်တည်း နေရပါစေ၊ လူတွေ သိနေကျ အသိထက် ထူးတဲ့တရားသိရင် မြတ်ပြီ'**

ဒီတရားကို လုံးစေ့ပတ်စေ့ စူးစိုက် နာကြားလိုက်တာ တရားတော်အဆုံးမှာပဲ လုံးလုံး ဉာဏ်အလင်းရသွားတော့တယ်။ ရွံ့အိုင်ထဲ လဲကျနေတာ အမယ်အိုကြီး မဟုတ်တော့ဘူး။ ဆဋ္ဌာဘိညာနဲ့ ရဟန္တာ ဖြစ်သွား

www.dhammaransi.com



ပြီ။ အိုဒုက္ခ၊ နာဒုက္ခတွေကနေ ဖလ ချမ်းသာ ခံစားနေပြီ။ 'သောဏ ထေရီ' ရယ်လို့ ဖြစ်နေပြီနော်။

အဲဒီအချိန်မှာ ဘိက္ခုနီမတွေက အမယ်အိုကြီး ဘယ်ပျောက်နေပါလိမ့်၊ ဘယ်ချောင်မှာ သွားအိပ်နေပါလိမ့်ဆိုပြီး လိုက်ရှာကြတယ်။

'အိုကြီး အိုမတွေများ လက်ခံထားရတာ ရှုံးလိုက်တာ၊ ခိုင်းရတာလဲ ငရဲကြီးလိုက်တာ၊ လူအိုတွေများ စိတ်တိုင်းကျစရာ တစ်ကွက်မှ မတွေ့ဘူး၊ အခုကြည့်လေ ... ချိုးရေမပြောနဲ့ သုံးရေလေးတောင် ခပ်မထားဘူး' စသည်ဖြင့် ငြူစူကြ၊ ဆူပူကြ၊ အပြစ်တင်ကြ၊ မေးငေါ့ကြနဲ့ နောက်ဆုံးတော့ ဗွက်ထဲ လဲနေတဲ့ အမယ်အိုကြီး သွားတွေ့တယ်။

သူတို့ရဲ့ အပြစ်တင်သံတွေကို အဝေးကြီးကပင် သောဏထေရီ ကြားတယ်။

'ဒီမှာ ဘာလာလုပ်နေတာလဲ'

ဘိက္ခုနီမတွေရဲ့ လိုအင်ကို အမယ်ကြီး သောဏ ထေရီက သိတယ်။ ဒါနဲ့ ...

'ရှင်မတို့ လိုချင်တာတွေ ပြည့်မှာပါအေ' လို့ ပြောလိုက်တယ်။

ဟုတ်တယ်။ ဘိက္ခုနီမ တချို့သွားကြည့်တော့ ချိုးရေ သုံးရေတွေ သူ့အလိုလို ပြည့်လို့။ ရေနွေးနဲ့ရေချိုးချင်သူတွေအတွက်လည်း ရေနွေးအိုးကြီးတွေ တည်ပြီးသား၊ ဆူလို့။

ဒီတော့မှ အမယ်အိုကြီး သောဏ ထေရီ ရဟန္တာဖြစ်သွားပြီ ဆိုတာ သိကြလို့ ဘိက္ခုနီမတွေ ဝိုင်းဝန်းတောင်းပန်ကန်တော့ကြတယ်။ အဲဒီမှာ အမယ်အိုကြီးရဲ့ ဥဒါန်းကတော့ ...

'ငါ့သားသမီးတွေကို ကျေးဇူးတင်တယ်၊ သူတို့ကသာ အကြိုက်

www.dhammaransi.com



ပေးပြီး ကျွန်အဖြစ်နဲ့ ခိုင်းနေရင် ငါ သခင်ဖြစ်မှာ မဟုတ်တော့ဘူး တဲ့။

ကဲဗျာ…တို့အဘိုး၊ တို့အဘွား၊ တို့အမေအိုတွေတော ဘယ်တော့ သခင်ဖြစ်ကြမှာလဲဗျ။

ဆေးလိပ်ကြိုက်ရင်တောင် ဆေးလိပ်ကျွန်ဖြစ်ရသေးတာ၊ သား စိတ် မြေးစိတ်တွေ မွန်နေရင် သားကျွန်၊ မြေးကျွန် ဘ၀က လွတ်မတဲ့ လားဗျ။ ကိုယ်ကသာ သူတို့စိတ်နဲ့ နေတာနော်၊ သူတို့က ကိုယ့်စိတ် နဲ့ နေမယ်ထင်သလား၊ ဟာ ဒီအဘွားကြီး ရှုပ်လိုက်တာ၊ ဒီအမေကြီး ကိုယ့်နေရာ ကိုယ်မနေဘူးလို့ ဘယ်နှစ်ခါ အငေါက်ခံရပြီးပြီတုံး။

အဲဒီတော့ ဒီနေ့ မိအိုဖအိုတွေကို ပြောချင်တာက ကိုယ့်ကိုယ်ကို လည်း ပြန်ကြည့်ကြပါဦး။ သားတွေ မြေးတွေ စိတ်နဲ့ နေရင်း ပျောက် ဆုံးမှန်းမသိ ပျောက်ဆုံးနေတဲ့ ကိုယ့်ကိုယ်ကို ပြန်တွေ့အောင် ရှာကြ၊ ရှုကြပြီး ကိုယ့်ကိုယ်ကို သနားကြပါတော့လို့ ပြောချင်ပါတယ်။

ကိုယ့်လမ်း ကိုယ်ရွေးကြပါတော့ဆိုတာ ရတောင့်ရခဲ လူ့ဘ၀က နေ အောက်ပြည်အောက်ဘုံ တိရစ္ဆာန်ဘ၀တွေဆီ ပြန်ကြမလား။ နတ် ချမ်းသာ ဗြဟ္မာချမ်းသာဆိုတဲ့ အထက်ဘုံတွေဆီ ဒါနအား၊ သီလအား၊ သမာဓိအားနဲ့ သွားကြမလား။ ဝဋ်ဆင်းရဲအပေါင်းက ကင်းဝေးရာ နိဗ္ဗာန်ရွှေပြည်ကို ဝိပဿနာဆိုတဲ့ သတိမပြတ်တဲ့ ရှုမှတ်မှုနဲ့ သွားကြ မလား။

မြေးထိန်းနေရလို့၊ ထမင်းချက်နေရသေးလို့ ဆိုရင်လည်း မြေး ထိန်းတဲ့ အခါ မြေးနဲ့ စိတ်ကလေးကြားမှာ သတိကလေး အစောင့်ချ ထားပါ။ မြေးထိန်းပြီး မြေးစိတ်နဲ့ မနေပါနဲ့။ ထိန်းရင် ထိန်းတယ်

www.dhammaransi.com



သိနေပါစေ၊ ကိုယ်ဘာလုပ်တယ်ဆိုတာ ကွဲကွဲပြားပြား သိနေပါစေ၊ ထမင်းချက်လည်း ချက်တယ်လို့ သိနေပါစေ၊ ဒီလိုတစ်သိတည်း သိနေရင် ကိလေသာ ဝင်ပြီးမွှေတာ မခံရတော့ဘူး။

မကြိုက် ဒေါသ၊ ကြိုက်လောဘ၊ မသိမောဟဆိုတဲ့ အစွဲအငြိ အဖုံးအကွယ်တွေက လွတ်ပြီဆိုရင် မိအိုဖအိုတို့ ကိုယ့်လမ်းကိုယ် ရွေးတတ်ပါပြီ။

ကိုယ့်လမ်းကိုယ် ရွေးတတ်ပြီဆိုရင် ကိုယ့်အလုပ် ကိုယ်လုပ်ပြီးသား ဖြစ်နေပါပြီ၊ အထူးပြောစရာ မရှိတော့ပါဘူး။

အမေ ...

ဆရာတော်ဘုရားကြီးရဲ့ တရားအဆုံးမှာ မိအိုဖအိုတချို့ မျက်ရည် စို့ကြရဲ့။

ဓမ္မရသကြောင့် ကျလာတဲ့ မျက်ရည်အေး၊ သောက ပရိဒေဝတွေက ကင်းလွတ်ပြီး ပီတိအဟုန်ကြောင့် ဝန်းလည်လာတဲ့ မျက်ရည်အေး။ အဲဒီမျက်ရည်အေးတွေ ဝေလျက်ကပဲ 'သာဓု...သာဓု...သာဓု...'တဲ့ အမေ။

ရွှေကျောင်းကုန်း တောင်ခြေက သာဓုခေါ်သံတွေ တစ်ကမ္ဘာလုံးက အမေများဆီ ကူးစက်ပျံ့နှံ့ပြီး ငြိမ်းအေးချမ်းသာကြပါစေ အမေ။

**အညွှန်း။** ။ ၁၃၅၁၊ ရွှေကျောင်းကုန်းတောင်ခြေ တရားပွဲ။

မောင်သွေးချွန်

www.dhammaransi.com

# မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီ ဥယျဓမ္မသာမိထေရ်

ဗောဓိမြိုင်စာစဉ် - ၁

## မျက်နှာဖုံးများကို ခွာချခြင်း

(လေ[illegible] စကားလုံးများနောက်မှ ဓမ္မအနှစ်သာရများကို ရဲတင်းစွာ ဖော်ထုတ်ဖွင့်ချခြင်း)

ဗောဓိမြိုင်စာစဉ် - ၂

## ကိုယ်ချင်းစာ မေတ္တာထား

(လားဟူ လီရှော တိုင်းရင်းသားများ ဗုဒ္ဓဘာသာခံယူပွဲတွင် ဟောကြားတော်မူသော
ဩဝါဒကထာနှင့် အခမ်းအနားကျင်းပခဲ့ပုံ
မ[illegible]တမ်းများ/ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ)

ဗောဓိမြိုင်စာစဉ် - ၃

မဟာဗောဓိမြိုင်ဆရာတော် ဝနဝါသီ ဥယျဓမ္မသာမိထေရ် ရေးသားဟောကြားသော

## အမေ့အတွက် မမေ့တရား

မောင်သွေးချွန် - ပြန်လည်စုစည်းပူဇော်သည်။
အမေအားလုံးနှင့် အမေနှင့်မကင်းနိုင်သူအားလုံးအတွက် ရည်ညွှန်းပါသည်။)

ဗောဓိမြိုင်စာစဉ်
စာတိုက်သေတ္တာအမှတ် ၁၆၀၊ ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။

www.dhammaransi.com

ဟောမိမြိုင်စာစဉ်-၃

## မဟာဟောမိမြိုင်ဆရာတော်

# ဝနဝါသီ ဥဒယျဝမ္မသာမိထေရ်

ရေးသားဟောကြားတော်မူသော

## အမေ့အတွက် မမေ့တရား



### ကောင်းကျိုးမျိုးစေ့ပေါင်း ကုဋေတစ်သိန်း

စိတ်ကိုနိုင်တာ သတိတစ်လုံးပဲ ရှိပါတယ်။
ဒီသတိတစ်လုံးနဲ့ စိတ်ကို စောင့်ကြည့်၊ စောင့်ထိန်းနေတာ တရားအလုပ်ပဲ။
သတိနဲ့ စောင့်မကြည့်နိုင်တဲ့စိတ်၊ မထိန်းသိမ်းနိုင်တဲ့စိတ်ဟာ
တစ်စက္ကန့် ကုဋေတစ်သိန်းနှုန်းနဲ့ မကောင်းမှုတွေ ပြုခဲ့လိမ့်မယ်။
စိတ်အပြစ်၊ စိတ်အညစ်တွေ ဘယ်လောက်များခဲ့ပြီလဲ။
တကယ်လို့သာ ဒီစိတ်ကလေးကို တစ်စက္ကန့်သာ ထိထိမိမိ စောင့်ကြည့်ထိန်းသိမ်းနိုင်မယ် ဆိုရင်
အဲဒီတစ်စက္ကန့်အတွင်းမှာ 'သန့်စင်စိတ်ပေါင်း ကုဋေတစ်သိန်း' ရနိုင်ပါလိမ့်မယ်အမေ။
စိတ်တစ်ချက်မှာ စေတနာတစ်ချက် ပါပြီးဖြစ်လို့
'ကောင်းကျိုး မျိုးစေ့ပေါင်း ကုဋေတစ်သိန်း' ရပြီလို့လည်း မှတ်သားအပ်ပါတယ် အမေ။

**မောင်သွေးချွန်**

ပြ န် လ ည် စု စ ည်း ပူ ဇော် သ ည်

မျက်နှာဖုံးပုံ- နီပေါနိုင်ငံ လုမ္ဗနီဥယျာဉ်ရှိ ဗုဒ္ဓ ဖွားတော်မူရာနေရာတွင် စိုက်ထူထားသည့် "ဖွားတော်မူခန်း" ကျောက်ဆစ်လက်ရာ။

WIN MYINT OO , 99